ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၇ ရက်၊ ကြာသပတေးနေ့၊ (4-12-2008) (၅၈၈၂)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ
## လှိုင်သာယာစက်မှုဇုန် အပိုင်း(၅)နှင့် ရွှေလင်ပန်းစက်မှုဇုန်တို့ရှိ စက်ရုံများကို ကြည့်ရှုစစ်ဆေး

ရန်ကုန်　　ဒီဇင်ဘာ　　၃

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် လှိုင်သာယာစက်မှုဇုန် အပိုင်း(၅) စီမံခန့်ခွဲရေးကော်မတီရုံး၌ လှိုင်သာယာစက်မှုဇုန် အပိုင်း(၅)နှင့် ရွှေလင်ပန်းစက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဝင်များနှင့် စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံပြီး လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးကာ စက်ရုံများ၏ ကုန်ထုတ်လုပ်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် လှိုင်သာယာစက်မှုဇုန် အပိုင်း(၅) စီမံခန့်ခွဲရေးကော်မတီရုံးသို့ ရောက်ရှိရာ လှိုင်သာယာစက်မှုဇုန် အပိုင်း(၅) စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးမြမောင်နှင့် ရွှေလင်ပန်းစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်လှတို့က စက်မှုဇုန်များ၏ လုပ်ငန်း အမျိုးအစားအလိုက် လည်ပတ်စက်ရုံများ၊ လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေ၊ စက်ရုံများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ အလုပ်သမား ဦးရေ၊ နိုင်ငံခြားသို့ ထုတ်ကုန်ပစ္စည်းများ တင်ပို့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် လှိုင်သာယာ စက်မှုဇုန် အပိုင်း(၅) အနော်ရထာလမ်းသို့ သွားရောက်၍ ငွေကုံ့ကော်စက်မှုလုပ်ငန်းကုမ္ပဏီ လီမိတက်၏ ငွေကုံ့ကော်အထည်ချုပ်စက်ရုံကို လည်းကောင်း၊ A & T Bakery & Confection-ery ၏ မုန့်များ ထုတ်လုပ်နေမှုကို လည်းကောင်း၊ ရွှေလင်ပန်း စက်မှုဇုန်သို့ သွားရောက်၍ Ever Flow River Manufacturing Co., Ltd. ၏ ရော်ဘာရိုလာနှင့် ယာဉ်/စက် အပိုပစ္စည်း စက်ရုံ၌ ဆန်စက်သုံး ရော်ဘာရိုလာများ၊ယာဉ်နှင့်စက်ကိရိယာ အပိုပစ္စည်းများ ထုတ်လုပ်မှုကို လည်းကောင်း၊ သယံဇာတ ပီနံအိတ်ထုတ်လုပ်ရေး စက်ရုံကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

(သတင်းစဉ်)

### ငွေကုံ့ကော် အထည်ချုပ်စက်ရုံ

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှိုင်သာယာစက်မှုဇုန် အပိုင်း(၅)ရှိ ငွေကုံ့ကော် အထည်ချုပ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)





### ပီနံအိတ် စက်ရုံ

**ရွှေလင်ပန်းစက်မှုဇုန်ရှိ သယံဇာတ ပီနံအိတ် ထုတ်လုပ်ရေးစက်ရုံကို တွေ့ရစဉ်။** (သတင်းစဉ်)




| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေးဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| ❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | ❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

ကြေးမုံ The Mirror　အင်တာနက် သတင်း

## ပင်လယ်ရေအောက်သို့ နိုင်ငံနစ်မြုပ်နိုင်မှု မော်လ်ဒိုက်သမ္မတ သတိပေးပြောဆို

**မာလီ　　ဒီဇင်ဘာ　　၃**

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပင်လယ်ရေအောက်သို့ မော်လ်ဒိုက်ကျွန်းစုနိုင်ငံ ကျရောက်ခြင်း မရှိမီ လိုအပ်သည့် ပြင်ဆင်မှုအရပ်ရပ် ပြုလုပ်ထားရမည်ဖြစ်ကြောင်း ယင်းနိုင်ငံ၏ သမ္မတသစ် မိုဟာမက်အန်နီနာရှစ်က ယနေ့ ပြောကြားလိုက်သည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ▲**

ကြေးမုံ The Mirror

၄-၁၂-၂၀၀၈
(ကြာသပတေးနေ့)

## မြန်မာ့တိုင်းရင်းဆေးပညာ ဆင့်ပွား မြင့်မားအောင်ကြိုးဆောင် တိုင်းရင်းဆေးသမားတော်များ ပေါင်းစည်းမြှင့်တင်ကြိုးပမ်း

နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာလ ၂ ရက်နေ့မှ စတင် ကျင်းပလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ပေးပို့သည့် သဝဏ်လွှာတွင် **"မြန်မာ့တိုင်းရင်းဆေးသမားတော်များကလည်း နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုအစီအမံများနှင့် လိုက်လျောညီထွေ ပေါင်းစည်းလျက် ကျေးလက်ဒေသများနှင့် ဝေးလံသော အစွန်အဖျားဒေသများအထိ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများအား ကျန်းမာရေးအပြည့်အဝ လွှမ်းခြုံစောင့်ရှောက်မှု ပေးနိုင်ရေး၊ အရည်အသွေးမြင့်မားသော မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ ကုသမှုစွမ်းရည်နှင့် အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးဝါးများ၏ အာနိသင်တို့ကို ခေတ်မီနည်းစနစ်များနှင့် ပေါင်းစပ်မြှင့်တင်ရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံမှီ နည်းလမ်းတကျ တိုးတက်ထွန်းကားရေးတို့အတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးကတစ်ဆင့် ညီညီညွတ်ညွတ် စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်"**ဟူ၍ ဖော်ပြပါရှိသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ရေ၊ မြေ၊ တောတောင် သဘာဝ၊ ရာသီဥတု၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများနှင့် အပြန်အလှန် အကျိုးပြုလျက် တိုးတက်ဖြစ်ထွန်းလာသော အမျိုးသားအမွေအနှစ် ဆေးပညာတစ်ရပ်ဖြစ်သည်။ အစဉ်အလာကြီးမားခိုင်ခံ့၍ အစွမ်းအာနိသင် ထက်မြက်လှသော မြန်မာ့တိုင်းရင်း ဆေးများကို ရှေးနှစ်ပေါင်းများစွာကပင် ယုံကြည်အားထားသုံးစွဲလာခဲ့ကြရာ ယနေ့ကာလတိုင်ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများက ခေတ်အဆက်ဆက် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခဲ့သည်။ တစ်ချိန်တည်းတွင် ဆရာစဉ်သမားဆက် လက်ဆင့်ကမ်း အမွေပေးခဲ့သော ဆေးပညာရပ်များ၊ ကုထုံးများ၊ အာနိသင်ထက်မြက်သည့် ဆေးဝါးများကို ဆက်ခံထိန်းသိမ်း စောင့်ရှောက်လာခဲ့ကြရာ ယနေ့ကာလတိုင် အခြေခိုင်ခံ့တည်တံ့လျက်ရှိသည်။

နိုင်ငံတော်အစိုးရက မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံမှီ နည်းလမ်းတကျ တိုးတက်ထွန်းကားရေးအတွက် မြှင့်တင်အားပေးလျက်ရှိသည်။ တိုင်းရင်းဆေးဝါးများ၏ အာနိသင်ကို ခေတ်မီနည်းစနစ်များဖြင့် ပေါင်းစပ်၍ နိုင်ငံတကာအဆင့်မီ တိုင်းရင်းဆေးဝါးများ သုတေသနပြု ဖော်ထုတ်နိုင်ရေး စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နှစ်စဉ်ကျင်းပလျက်ရှိရာ တိုင်းရင်းဆေးသမားတော်များ စည်းလုံးညီညွတ်စွာ တွေ့ဆုံနှီးနှော ဆုံးဖြတ်နိုင်ခဲ့ကြသည်။ မြန်မာ့တိုင်းရင်းဆေးပညာ ပြန့်ပွားရေး၊ လက်တွေ့ကုသရေး၊ ပညာပေးလေ့ကျင့်ရေး၊ သုတေသနနှင့်ဖွံ့ဖြိုးရေး၊ ရောဂါကာကွယ်ကုသ နှိမ်နင်းရေး နယ်ပယ်ကဏ္ဍ အသီးသီးတွင် အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ ပေါင်းစည်းညီညွတ်သော စွမ်းပကားဖြင့် ကြိုးပမ်းအားထုတ်ရင်း အမျိုးသားရေးဂုဏ်ဒြပ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာ ဆင့်ပွားတိုးတက်မြင့်မားရေး စွမ်းစွမ်းတမံ ဆက်လက် ဆောင်ရွက်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

## မအူပင်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ (၅၄)နှစ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဒီဇင်ဘာ ၂၈ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီးရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်ပြည့်ပြီးကန်တော့ခံအသင်းဝင်များ၊ ပါရဂူဘွဲ့ရရှိသူများ၊ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၊ အသင်းသား သား၊ သမီးများသည် အမှတ်စာရင်းမိတ္တူနှင့်တကွ စာရင်းပေးသွင်းရန်နှင့် တက္ကသိုလ် ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသူများသည် ဒုတိယဥက္ကဋ္ဌ ဦးစိန်မင်း ဖုန်း-၃၇၁၆၇၂၊ ဒေါ်ခင်ခင်ရီ ဖုန်း-၅၁၀၆၂၄၊ အထွေထွေအတွင်းရေးမှူး ဦးမြစိုး ဖုန်း-၅၂၇၁၈၂၊ အတွင်းရေးမှူး ဦးမြင့်သိန်း ဖုန်း-၃၈၅၀၇၈ နှင့် အမှုဆောင်များဖြစ်သည့် ဦးထိုက်စီ ဖုန်း-၀၉၅၀၀၀၈၆၂၊ ဦးသိန်းငွေ ဖုန်း-၀၉၅၁၉၁၆၅၅ တို့နှင့် နီးစပ်ရာအမှုဆောင်များထံသို့ ဒီဇင်ဘာ ၂၁ ရက် နောက်ဆုံးထား သတင်းပေးပို့ကြရန် ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





## (၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၃**

(၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက်တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းအားကစားခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အမှာစကား ပြောကြားပြီး အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အနောက်တောင်တိုင်း စစ်ဌာနချုပ် အသင်းတို့၏ အမျိုးသားတစ်ဦးချင်း ကြက်တောင်ရိုက်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

## အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေး အလှူငွေပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ မြို့ပြအင်ဂျင်နီယာဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ၏တတိယအကြိမ်မြောက် ပြည်တွင်း၊ ပြည်ပဆရာကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၂၂ ရက်က ရန်ကုန်တက္ကသိုလ်လှိုင်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာတွင် ၁၉၉၅ခုနှစ် ဇန်နဝါရီလ မြို့ပြအင်ဂျင်နီယာဘွဲ့ရသူများ ကိုယ်စားဦးမြတ်ခိုင်ဆွေ၊ ဒေါ်အောင်မောင်ဦး၊ ဒေါ်ခင်သီတာနှင့်ဒေါ်စိုးစိုးတင်တို့က ပထမအကြိမ် ငွေကျပ် ၁၆ သိန်းကို ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်းကြူထံ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

(ကြေးမုံ)








**ရန်ကင်းမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က ရန်ကင်းအထက(၂) ကျောင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို)မှ ဒေါက်တာမောင်မောင်လွင် အမှာစကား ပြောကြားစဉ်။**

(၃၅)

## ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ဟောပြောပွဲနှင့် စာစီစာကုံးဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)၏လမ်းညွှန်မှု၊တာမွေမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် တာမွေမြို့နယ်၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် တာမွေရိပ်မွန်တို့ ပူးပေါင်း၍ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့်စာစီစာကုံးဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁ရက်က အ-ထ-က(၁) တာမွေ ပင်လုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့် ရပ်ကွက်(၂၀)မှ ဥက္ကဋ္ဌများ၊ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌဦးလှဝင်းနှင့်အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အ-ထ-က(၁)တာမွေ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မူးယစ်ဆေးဝါးနှင့် HIV/AIDS ကူးစက်ရောဂါ အန္တရာယ်ရှိပုံများကို တာမွေရိပ်မွန်မှ ဆရာဝန်ကြီး ဒေါက်တာ ထင်ကျော်၊ မြို့နယ်ကျန်းမာရေးဦးစီးအရာရှိ ဒေါက်တာဒေါ်မိမိတင်၊ ရုပ်ရှင်သရုပ်ဆောင် ပြေတီဦးတို့က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲ ဆုရကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက အသီးသီး ဆုချီးမြှင့်ကြပြီးမြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်းက မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ ပြောကြားကြောင်းသိရသည်။

(ကြေးမုံ)

## သထုံမြို့ မြို့မဈေး ကွန်ကရစ်လမ်းခင်း

**ရန်ကုန် ဒီဇင်ဘာ ၃**

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့မဈေး သား၊ ငါးတန်းတွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၀ ရက်က ဈေးခေါင်းနှင့် ဒုဦးစီးမှူး(ဈေး) ဒေါ်ယုယုဇော်တို့ ဆောင်ရွက်မှုအား အမှုဆောင်အရာရှိ ဦးမြင့်သိန်း ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

# မြန်မာ့တိုင်းရင်းဆေးသမားတော်ညီလာခံ ဒုတိယနေ့ဆက်လက်ကျင်းပ ဆေးစွမ်းထက် မြန်မာ့တိုင်းရင်းဆေး ရှင်သန်ဖွံ့ဖြိုးရေး ကြိုးပမ်း

သတင်းဆောင်းပါး - ဝင်းနိုင် (ကြေးမုံ) ဓာတ်ပုံမှတ်တမ်း - ဌေးအောင် (ကြေးမုံ)

**နဝမအကြိမ်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဒုတိယနေ့အစီအစဉ်များကို နေပြည်တော်ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်နှင့် တိုင်းများမှ ညီလာခံကိုယ်စားလှယ်များက အဆိုပြုချက် (၇) ရပ်ကို အစုအဖွဲ့ (၇) ဖွဲ့ခွဲ၍ကဏ္ဍအလိုက် တင်သွင်း ထောက်ခံဆွေးနွေးသွားကြသည်။**

ညီလာခံသို့ တက်ရောက်ခဲ့ကြသော တိုင်းရင်းဆေးကောင်စီဝင်များ၊ ဆေးဝါးထုတ်လုပ်သူများနှင့် တိုင်းရင်းဆေး ဆရာများအား ကြေးမုံသတင်းအဖွဲ့ မေးမြန်းခဲ့သမျှ ဆက်လက်ဖော်ပြလိုက်ပါသည်။

ရှေးဦးစွာ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီအဖွဲ့ဝင်နှင့် ရန်ကုန်တိုင်း တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ ဦးမြဝင်းအား တိုင်းရင်းဆေးကောင်စီ၏ ဆောင်ရွက်ချက်များကို မေးမြန်းခဲ့ရာ“တိုင်းရင်းဆေးကောင်စီအနေဖြင့် တိုင်းရင်းဆေးဆရာများနှင့် ဆိုင်သော ကိစ္စများ၊ ဆေးဝါးကုသမှုပိုင်း အကြံဉာဏ်ပေးခြင်းများ ဆောင်ရွက်ရကြောင်း၊ တိုင်းရင်းဆေးပညာ ပြန့်ပွားရေးအတွက် ဒေသအသီးသီးသို့ သွားရောက်၍ သင်တန်းများပို့ချခဲ့ကြောင်း၊ ရောဂါကြီး(၆)မျိုးနှင့် ပတ်သက်ပြီး ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ တိုင်းရင်းဆေးကျမ်းများ ပြဋ္ဌာန်းခြင်း၊ တိမ်မြုပ်နေသော ဆေးကျမ်းများ ဖော်ထုတ်ခြင်း၊ ပေပုရပိုဒ်များ ရှာဖွေစုဆောင်း ဖော်ထုတ်ခြင်း၊ ဆေးကျမ်းများ စိစစ်ခြင်း စသည့်ဖြင့် တိုင်းရင်းဆေးပညာ၊ ဆေးဆရာများနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဆောင်ရွက်ပေးရကြောင်း” ရှင်းလင်းပြောပြသည်။



**တိုင်းရင်းဆေးပညာပြန့်ပွားရေးအတွက် ဒေသအသီးသီးသို့ သွားရောက်၍ သင်တန်းများပို့ချခဲ့။**
*(ဦးမြဝင်း - မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီအဖွဲ့ဝင်)*



**ကုန်ကြမ်းကောင်းမှ ဆေးဝါးကောင်းမှာဖြစ်သလို ဆေးဝါးကောင်းမှလည်း ကုသမှုပိုင်းမှာ ထိရောက်မှုရှိမှာဖြစ်။**
*[ဦးဘိုကြီး၊ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)အဖွဲ့ဝင်]*

အစုအဖွဲ့(၆)တွင် ပါဝင်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမှ ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော် ဦးကျော်ဆန်းက “ကျွန်တော်တို့နိုင်ငံမှာ ပေါက်ရောက်တဲ့ဆေးပင်တွေဟာ ရာသီဥတု၊ ရေမြေအနေအထားအရ အလွန်ပဲအစွမ်းထက်ပါတယ်။ ဒီလိုအစွမ်းထက်ဆေးပင်တွေကို စနစ်တကျစိုက်ပျိုး၊ စုဆောင်းရှာဖွေဖို့ လိုအပ်ပါတယ်။ ယခုလို ညီလာခံမျိုးကျင်းပပေးခြင်းအားဖြင့် ဆေးပညာများ ဖလှယ်ခွင့်ရပြီး ပညာထက်မြက်လာမှာဖြစ်ပါတယ်။ တိုင်းရင်းဆေးဟာ လူမျိုးဘာသာမရွေး အသက်ရှည်ရာအနာမဲ့ကြောင်းအားကိုးထိုက်တဲ့ ဆေးပညာဖြစ်တဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားဖို့ လိုပါတယ်” ဟု ပြောပြသည်။

တိုင်းရင်းဆေးဆရာအသင်း(ဗဟို) အဖွဲ့ဝင် ဦးဘိုကြီး (ရုပ်ပျို တိုင်းရင်းဆေးကုခန်းနှင့် ဆေးဝါးထုတ်လုပ်ရေး) ကလည်း “ထုတ်လုပ်တဲ့ ဆေးဝါးကုန်ကြမ်းကောင်းမှ ဆေးဝါးကောင်းမှာဖြစ်သလို ဆေးဝါးကောင်းမှလည်း ကုသမှုပိုင်းမှာ ထိရောက်မှုရှိမှာဖြစ်ပါတယ်၊ ဆေးဝါးကုန်ကြမ်းတွေ ကောင်းဖို့အတွက် ကောင်းမွန်သော စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ စုဆောင်းခြင်းနည်းစနစ် ကျင့်စဉ်များဆိုတဲ့ (GACP) စနစ်ကောင်းမွန်ဖို့ လိုပါတယ်။ ဒါကြောင့် ယခုနှစ်ညီလာခံမှာ GACP နည်းစနစ်ကို လိုက်နာဆောင်ရွက်ရေး ပညာပေးစည်းရုံးဆောင်ရွက်ရန်ဆိုပြီး အဆိုပြုချက်တစ်ရပ် ထည့်သွင်းထားခြင်းဖြစ်ပါတယ်”။

ဆက်လက်ပြီး တိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဘဏ္ဍာရေးဆပ်ကော်မတီနှင့် ရန်ကုန်တိုင်း အလုပ်အမှုဆောင် ဦးကျော်စိန်(မိုးကုတ်) ဖြူစင်မေတ္တာဆေးတိုက်အား တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်မှုအကြောင်း မေးမြန်းခဲ့ရာ “နိုင်ငံတော်ရဲ့ အားပေးကူညီချီးမြှင့်မှုကြောင့် ယနေ့တိုင်းရင်းဆေးပညာဟာ အရင်ခေတ်နဲ့မတူ



**တိုင်းရင်းဆေးဟာ လူမျိုးဘာသာမရွေး အသက်ရှည်ရာအနာမဲ့ကြောင်း အားကိုးထိုက်တဲ့ ဆေးပညာဖြစ်။**
*(ဦးကျော်ဆန်း - ညီလာခံကိုယ်စားလှယ်၊ ကျိုင်းတုံ)*

ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာတာကို တွေ့မြင်ရပါတယ်၊ တိုင်းရင်းဆေးနဲ့ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍမှာ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ပြည့်စုံမှုရှိပေမယ့် နိုင်ငံတကာထိထိုးဖောက်နိုင်အောင် ခေတ်မီစက်ကိရိယာတွေ နည်းပညာတွေအကူအညီနဲ့ ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။ နိုင်ငံတော်အပိုင်းက စီမံကိန်းတွေ ချမှတ်ပေးထားပြီးဖြစ်လို့ ဆေးဆရာများအပိုင်း၊ ထုတ်လုပ်သူများအပိုင်းက တစ်ပိုင်တစ်နိုင်မှသည် စီးပွားရေးအခြေပြုလုပ်ငန်းအထိ လုပ်ကိုင်သွားဖို့လိုအပ်ပါတယ်” ဟုပြောပြသည်။

အာယုဗေဒ ဆေးပညာရပ်ခေါ် တိုင်းရင်းဆေးပညာသည် ရောဂါသိမှု၊ ဆေးသိမှု၊ ကုထုံးသိမှု စသည်ဖြင့် ကုထုံးအမျိုးမျိုးရှိကြောင်း လေ့လာသိရှိရသည်။ ကုထုံးနှင့်ပတ်သက်၍



**တိုင်းရင်း ဆေးပညာဟာ ရောဂါတစ်ခု၏အဓိကအကြောင်း ဇာစ်မြစ်ကို တိတိကျကျ ရှာဖွေဖော်ထုတ်ပြီးမှ ကုသရ။**
*(ဦးဖြေ -မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) တွဲဖက် ဘဏ္ဍာရေးမှူး)*

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို) တွဲဖက်ဘဏ္ဍာရေးမှူး ဦးဖြေ (ဒေဝယက္ခ)က “ကျွန်တော်တို့ရဲ့ တိုင်းရင်းဆေးပညာဟာ ရောဂါတစ်ခု၏ အဓိကအကြောင်းဇာစ်မြစ်ကို တိတိကျကျရှာဖွေ ဖော်ထုတ်ပြီးမှ ကုသရသော အကြောင်းငြိမ်းကုထုံးဆေးပညာဖြစ်ပါတယ်။ အဓိကအားဖြင့် အတတ်သိ ဆေးပညာတစ်ရပ်ဖြစ်သလို ကြောင်းကျိုးဆက်စပ်ဖော်ထုတ်ကုသရတဲ့ ဆေးပညာဖြစ်ပါတယ်။ ဒါကြောင့် ရိုးရာအမွေအနှစ် တိုင်းရင်းဆေးပညာ မတိမ်ကော မပပျောက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနဲ့ အစဉ်တိုးတက်အောင်ကြိုးစား အားထုတ်ရမှာက တိုင်းရင်းဆေးပညာ လောကသားအားလုံးရဲ့ တာဝန်ပဲဖြစ်ပါတယ်”ဟု ဗဟုသုတရဖွယ်ပြောပြခဲ့သည်။

တိုင်းရင်းဆေးထုတ်လုပ်မှု အဆင့်အတန်းနှင့်ပတ်သက်ပြီး ဦးကြည်ဝင်း (ဆန္ဒမွန်) ကရှင်းပြရာတွင် “ယနေ့ တိုင်းရင်းဆေးကို နိုင်ငံအလိုက်



**ယနေ့တိုင်းရင်းဆေးပညာဟာ အရင်ခေတ်နဲ့မတူ ဘက်စုံဖွံ့ဖြိုးတိုးတက်လာတာကို တွေ့မြင်ရ။**
*(ဦးကျော်စိန်- မိုးကုတ်)*

အာရုံစိုက် ထုတ်လုပ်လာတာတွေ့ရပါတယ်။ ဒါကလည်း သုံးစွဲသူတွေဘက်က တိုင်းရင်းဆေးအပေါ် ပိုမိုယုံကြည်လာလို့ဖြစ်ပါတယ်။ ထုတ်လုပ်သူတွေဘက်ကလည်း GMCP နည်းစဉ်တွေ ISO အသိအမှတ်ပြုခံနိုင်ဖို့အထိ မျှော်မှန်းလုပ်ဆောင်ဖို့၊ ထုတ်လုပ်မှုသင်တန်းတွေ နည်းပညာတွေ ဖြန့်ဝေဖို့ လိုအပ်ပါတယ်။ အခုဆိုရင် အရင်က ချက်ဆေးနေရာမှာ (Tablet) ဆေးပြားတွေ၊ ဆေးမှုန့်နေရာမှာ (Capsul)ဆေးတောင့်တွေ ထုတ်လုပ်လာနိုင်ပါပြီ၊ နိုင်ငံတော်အပိုင်းကလည်း ထောက်ပံ့ကူညီမှုတွေ ပေးနေတဲ့အချိန်မှာ ဒီထက်ပိုမို ခေတ်မီလာအောင် ထုတ်လုပ်သွားဖို့ လိုအပ်ပါတယ်။ ဒါမှလည်း နိုင်ငံတကာအထိ ထိုးဖောက်နိုင်တဲ့ ဆေးဝါတွေဖြစ်လာမှာ ဖြစ်ပါတယ်” စသည်ဖြင့် ထုတ်လုပ်မှုနည်းစနစ်များ တိုးတက်လာမှုကို ပြောပြသွားသည်။



**ထုတ်လုပ်မှု သင်တန်းတွေ နည်းပညာတွေ ဖြန့်ဝေဖို့လိုအပ်။**
*(ဦးကြည်ဝင်း - ဆန္ဒမွန်)*

နိုင်ငံတော်အနေဖြင့် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ကို ၂၀၀၂ခုနှစ်တွင် ဖွင့်လှစ်ပေးခဲ့သည်။ ၎င်းတက္ကသိုလ်မှ နှစ်စဉ် တိုင်းရင်းဆေးဆရာများကို မွေးထုတ်ပေးလျက်ရှိရာ တိုင်းရင်းဆေးတက္ကသိုလ် အမှတ်စဉ်(၁) ကျောင်းဆင်း၊ လှိုင်ကော်တိုင်းရင်းဆေးရုံမှ လက်ထောက် တိုင်းရင်းဆေးမှူး ကိုသီဟမင်းသိမ်းက “နိုင်ငံတော်ရဲ့ ချီးမြှောက်ပေးမှုအရ ပေါ်ပေါက်လာတဲ့ တိုင်းရင်းဆေးတက္ကသိုလ်ကြီးမှာ ပထမဆုံးအကြိမ်တက်ခွင့်ရခဲ့ပါတယ်။ အရှေ့တိုင်းဆေးပညာ၊ အနောက်တိုင်းဆေးပညာနဲ့ အပ်စိုက်ကုဘာသာရပ်တွေကို သင်ကြားခဲ့ရပါတယ်။ နိုင်ငံတကာတိုင်းရင်းဆေး



**မြန်မာ့တိုင်းရင်းဆေးပညာနဲ့ အများလက်ခံတဲ့ သမားတော်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားနေ။**
*(ကိုသီဟမင်းသိမ်း- လှိုင်ကော်တိုင်းရင်းဆေးရုံ လက်ထောက်တိုင်းရင်းဆေးမှူး)*

ပညာနဲ့ယှဉ်ရင် ကျွန်တော်တို့ တိုင်းရင်းဆေးပညာဟာ အဆင့်မနိမ့်ပါဘူး၊ မြန်မာ့တိုင်းရင်းဆေးပညာကို ကမ္ဘာကို ပြချင်ရင် နည်းပညာများ အပြန်အလှန် ဖလှယ်ဖို့လိုအပ်ပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ် အနေနဲ့ BMTM (မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့)အပြင် MMTMဘွဲ့၊ Ph.D ဘွဲ့တွေ အထိပေးနိုင်အောင် ကြိုးပမ်းနေတဲ့အတွက် ဝမ်းသာမိပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ အများလက်ခံတဲ့ သမားတော်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားနေပါတယ်”ဟု ၎င်း၏ဆန္ဒကို ဖွင့်ဟပြောပြသွားသည်။

နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသည် ဒီဇင်ဘာ၃ရက်တွင် အောင်မြင်စွာ ပြီးဆုံးသွားခဲ့သည်။ တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်လာသလို အဆိုပြုတင်သွင်းချက်များကိုလည်း တစ်နှစ်ထက်တစ်နှစ် စုစည်းညီညွတ်စွာ ဆွေးနွေးထောက်ခံခဲ့ကြောင်း ကြားသိခဲ့ရသည်။ မြန်မာ့တိုင်းရင်းဆေးပညာသည် အလွန်တရာ သိမ်မွေ့နက်နဲပြီး ဆေးစွမ်းအာနိသင် ထက်မြက်လျက်ရှိရာ မြန်မာ့တိုင်းရင်းဆေးလောကသားများအနေဖြင့် စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်း ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ။

## သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် မော်တော်ယာဉ်များသည် အရှိန်ပြင်းမောင်းနှင်မှုများကြောင့် ယာဉ်မတော်တဆမှု၊ တိမ်းမှောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မိုင်နှုန်းထက် ကျော်လွန်မောင်းနှင်ခြင်း မပြုကြရန်နှင့် မောင်းနှင်ပါက အရှိန်နှုန်းတိုင်းကိရိယာဖြင့် တိုင်းတာပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်-

(၁) မြို့တွင်း ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ် များ တစ်နာရီမိုင်၂၀ (၃၂ကီလို)

(၂) မြို့တွင်း ကိုယ်ပိုင်ယာဉ်နှင့် အခြားယာဉ်များ တစ်နာရီမိုင်၃၀ (၄၈ကီလို)

(၃) မြို့ပြင်ယာဉ်အားလုံး တစ်နာရီ မိုင် ၆၀ (၉၆ကီလို)

**ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## အထက(၁)တာမွေ မြတ်ဆရာကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

အထက(၁)တာမွေ ၁၉၇၂-၇၃ ဝန်းကျင် ကျောင်းသားဟောင်းများ ကြီးမှူးကျင်းပသည့် (၁၄)ကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့) မွန်းလွဲ ၁ နာရီတွင် အထက(၁)တာမွေ ပင်လုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲသို့ ဆရာကြီး/ဆရာမကြီးများ၊ ကျောင်းသား/ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးမောင်မောင်တီ(သချ်ာ)ဖုန်း-၅၅၂၀၅၄၊ ဒေါက်တာတင်စံဦး ဖုန်း-၅၄၀၃၄၆(ဦးထွန်းရွှေမှ တစ်ဆင့်)၊ ဒေါက်တာသန်းသန်းစိုး ဖုန်း-၇၂၄၅၉၀၊ ဒေါ်အေးအေးသန်း ဖုန်း-၅၄၂၂၃၈၊၅၄၂၂၅၄၊ ဒေါ်နီနီမြင့် ဖုန်း-၅၄၂၄၀၁၊ ဒေါ်ခင်အေးမြင့် ဖုန်း- ၂၅၄၁၀၈၊ ဒေါ်ကျင်ကျင်စန်း ဖုန်း-၅၄၅၈၆၆၊ ဒေါ်လှလှမူ ဖုန်း-၅၄၃၇၉၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

**သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# ဘုရှ်၏ အကြီးမားဆုံး ဝမ်းနည်းမှုမှာ အီရတ်နှင့်ပတ်သက်သည့် မှားယွင်းသော ထောက်လှမ်းရေးသတင်းပင် ဖြစ်ဟုဆို

**ဝါရှင်တန် ဒီဇင်ဘာ ၃**

အမေရိကန်သမ္မတဂျော့ဂျ်၊ဒဗလျူ ဘုရှ်က သူ၏သမ္မတသက်တမ်းကာလတွင် အကြီးမားဆုံး ဝမ်းနည်းမှုမှာ အီရတ်နိုင်ငံတွင် အဖျက်စွမ်းအားကြီးသောလက်နက်များ ရှိသည်ဟုဆိုသော မှားယွင်းသည့်ထောက်လှမ်းရေးသတင်းကို လက်ခံယုံကြည်ခြင်းပင်ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားသည်။

တနင်္လာနေ့က ထုတ်လွှင့်သော အေဘီစီ "ကမ္ဘာ့သတင်းများ" နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဘုရှ်က အိမ်ဖြူတော်သို့ ရောက်ရှိစဉ်တွင် စစ်ပွဲအတွက် ပြင်ဆင်ထားခြင်း မရှိကြောင်း ပြောကြားခဲ့သည်။

ပြည်သူလူထုက ကျေနပ်နှစ်သက်ခြင်းမရှိသော အီရတ်စစ်ပွဲကြောင့် ပြည်သူ့ထောက်ခံမှု အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိနေသော ဘုရှ်သည် ဇန်နဝါရီ ၂၀ ရက်တွင် အိမ်ဖြူတော်မှ ထွက်ခွာရမည် ဖြစ်သည်။

အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်အား ဖယ်ရှားရန်အတွက် ၂၀၀၃ ခုနှစ်ဧပြီလတွင် အမေရိကန် ခေါင်းဆောင်သော အပေါင်းပါတပ်ဖွဲ့များ အီရတ်နိုင်ငံသို့ ကျူးကျော်ဝင်ရောက်ခြင်းမှ စတင်ကာ အီရတ်စစ်ပွဲ ဖြစ်လာရခြင်းဖြစ်သည်။ အီရတ်နိုင်ငံအတွင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် ၄၂၀၀ ကျော် သေဆုံးခဲ့ပြီး ဖြစ်သည်။

အီရတ်နိုင်ငံအတွင်း ထောက်လှမ်းရေးလုပ်ငန်းများ မအောင်မြင်မှုမှာ သူ၏ သမ္မတသက်တမ်းကာလတွင် အကြီးမားဆုံးသော ကြွေကွဲဖွယ်ရာဖြစ်ကြောင်း၊ အဖျက်စွမ်းအားကြီးသောလက်နက်များသည် ဆက်ဒမ်ဟူစိန်အား ဖယ်ရှားရခြင်း၏အဓိကအကြောင်းရင်း ဖြစ်ကြောင်း ဘုရှ်က ပြောကြားသည်။

**ငြင်းဆို**

အကယ်၍ အီရတ်နိုင်ငံသည် အဖျက်စွမ်းအားကြီးသော လက်နက်များ ပိုင်ဆိုင်ထားခြင်းမရှိကြောင်း ထောက်လှမ်းရေးသတင်းများက တင်ပြခဲ့မည်ဆိုလျှင် ထိုနိုင်ငံအားစစ်တိုက်ဖြစ်မည် သို့မဟုတ် မတိုက်ဖြစ်မည်ဆိုသည့် အမေးကိုမူ ဘုရှ်က ထင်မြင်ချက်ပေးရန် ငြင်းဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***





## အီရတ်မှ အမေရိကန်တပ်ဖွဲ့များ ၁၆ လအတွင်း ရုပ်သိမ်းမည်ဟု အိုဘားမားပြောကြား

**ဝါရှင်တန် ဒီဇင်ဘာ ၃**

အမေရိကန်နိုင်ငံ သမ္မတအဖြစ် ရွေးချယ်ခံရသောဘားရက်အိုဘားမားက ၎င်းတာဝန်ယူပြီး ပထမ ၁၆ လအတွင်း အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းရန် စီစဉ်မည်ဟု ဒီဇင်ဘာ ၁ ရက်က ထပ်လောင်းပြောကြားသည်။

အီလီနွိုက်ပြည်နယ် ချီကာဂိုမြို့မှ ယာယီရုံးချုပ်ရှိ သတင်းစာရှင်းလင်းပွဲတွင် အိုဘားမားက အီရတ်မှ အမေရိကန်တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းရန် ၁၆ လသာ ကြာမြင့်တော့မည်ဟု ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ပိုင်း မိုဆူးမြို့တွင် ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ၃၂ဦး သေဆုံးသွားသောနေရာကို ဒီဇင်ဘာ ၁ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## အီရတ်မြောက်ပိုင်း၌ အသေခံကားဗုံးပေါက်ကွဲ၊ ၁၆ ဦး သေဆုံး

**မိုဆူး ဒီဇင်ဘာ ၃**

အီရတ်နိုင်ငံ နင်နီဗာ့ပြည်နယ် မိုဆူးမြို့တွင် ဒီဇင်ဘာ ၁ ရက်က အီရတ်ရဲတပ်ဖွဲ့အား ပစ်မှတ်ထားပြီး အသေခံဗုံးဖြင့် တိုက်ခိုက်ရာ ၁၆ဦး ထက်မနည်း သေဆုံးပြီး ၃၃ ဦးကျော် ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုမှာ မိုဆူးမြို့ အနောက်တောင်ဘက်ရှိမိုဆူးအယ်လ်ဂျာဒီဒါ(ခေါ်) နယူးမိုဆူးရပ်ကွက်အတွင်း အမေရိကန်နှင့် အီရတ်ရဲတပ်ဖွဲ့များ ပူးပေါင်းကင်းလှည့်နေစဉ် အသေခံဗုံးဖြင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း ယင်းတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အိန္ဒိယတွင် ရထားတစ်စင်းဗုံးထိမှန်၊ သုံးဦးသေ

**နယူးဒေလီ ဒီဇင်ဘာ ၃**

အိန္ဒိယနိုင်ငံ အာသံခရိုင် ကာဘီအန်လောင်းတောင်တန်းများတွင် ရထားတစ်စင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် ခရီးသည်သုံးဦးသေဆုံးပြီး ၃၅ ဦး ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

နှစ်ဦးမှာ အခင်းဖြစ်ရာနေရာမှာပင်သေဆုံးပြီး ကျန်တစ်ဦးမှာဆေးရုံသို့ တင်ပို့ရာ ရရှိထားသောဒဏ်ရာကြောင့် လမ်းခရီးတွင်ပင် သေဆုံးသွားသည်ဟုဆိုသည်။ ဒီဖြူဘူတာရုံတွင် လန်ဒင်း-တင်ဆူကီးယားခရီးသည်ရထား၏ ဒုတိယတန်းတွဲတစ်တွဲတွင် စစ်သွေးကြွများဟု သံသယရှိသူများက နံနက် ၈ နာရီ ၁၀ မိနစ်၌ အားပြင်းသော ဗုံးတစ်လုံးကို ဖောက်ခွဲလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

၎င်းဗုံးကို အိပ်စင်ပါ အထက်တန်းတွဲတစ်တွဲတွင် ထောင်ထားကြောင်း၊ အချိန်မှတ်စက်တစ်ခုကိုလည်း ဗုံးကွဲရာနေရာ၌ တွေ့ရှိကြောင်း၊ ကာဘီလောင်ရီ အမျိုးသားလွတ်မြောက်ရေးတပ်ဦး၏ လက်ချက်ဟု ယူဆရကြောင်း ကာဘီအန်လောင်း အထူးရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

***အင်တာနက်။***

## တူရကီ၌ ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲ သုံးဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရ

**အင်ကာရာ ဒီဇင်ဘာ ၃**

တူရကီနိုင်ငံ အနောက်မြောက်ပိုင်းတွင် ဒီဇင်ဘာ ၁ ရက်က မြူနီစီပယ် အဆောက်အအုံတစ်ခုတွင် ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုကြောင့် သုံးဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိကြောင်း အင်န်တီဗွီသတင်းဌာနက ထုတ်လွှင့်သည်။

အဆိုပါ ပေါက်ကွဲမှုသည် အစ္စတန်ဘူလ်မြို့အရှေ့ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာရှိ အဇ်မစ်ပြည်နယ် အလီကာ့ယာမြို့၌ ဓာတ်ငွေ့ဖြန့်ဖြူးပေးနေသည့် မြူနီစီပယ်အဆောက်အအုံ၌ ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်ပွားခြင်း ဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



အီတလီနိုင်ငံ ဗင်းနစ်မြို့တွင် ၂၂ နှစ်အတွင်း အဆိုးရွားဆုံး ရေကြီးမှု ဖြစ်ပွားနေသည်ကို ဒီဇင်ဘာ ၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## သဘာဝဘေးအန္တရာယ် သတင်းများ



### သီရိလင်္ကာ၌ ပြည်သူ ၃၇၀၀၀၀ ရေဘေးနှင့်ရင်ဆိုင်နေရ

**ဂျီနီဗာ ဒီဇင်ဘာ ၃**

သီရိလင်္ကာနိုင်ငံမြောက်ပိုင်းတွင် ရေကြီးမှုကြောင့် ပြည်သူ ၃၇၀၀၀၀ ကျော် ရေဘေးနှင့် ရင်ဆိုင်နေရပြီး၊ ၇၁၀၀၀ မှာ အိုးမဲ့အိမ်မဲ့ဖြစ်ရကြောင်း ကုလသမဂ္ဂက အင်္ဂါနေ့တွင် ပြောကြားသည်။

ဂျက်ဖနာဒေသတွင် အဆိုးရွားဆုံး ကြုံတွေ့နေရပြီး ပြည်သူ ၆၂၀၀၀ အိုးမဲ့အိမ်မဲ့ ဖြစ်ရပြီး၊ အိမ်ခြေ ၅၉၀၀ ပျက်စီးခဲ့ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***



### ဖိလစ်ပိုင်၌ ရေကြီး၊ နှစ်ဦးသေဆုံးပြီး ၁၁ ဦးပျောက်ဆုံး

**မနီလာ ဒီဇင်ဘာ ၃**

ဖိလစ်ပိုင်နိုင်ငံ ကာမာရိန်းနော့တီပြည်နယ်တွင် ဒီဇင်ဘာ ၁ ရက် မွန်းလွဲပိုင်းက ရေကြီးမှုကြောင့် နှစ်ဦးသေဆုံး ပြီး ၁၁ ဦးပျောက်ဆုံးကာ မိသားစု ၂၀၁၁ စုအား ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါရေကြီးမှုကြောင့် ဆန်ဖီစင်တီမြို့တွင် တံတားငါးစင်း ပျက်စီးခဲ့ပြီး အိမ်ခြေ ၁၇၆၅လုံး ရေလွှမ်းခဲ့သည်။ ဒါယတ်မြို့တွင်လည်း ကျေးရွာ ရှစ်ရွာရှိ မိသားစု ၅၅၅ စုထက်မနည်း ရေဘေးဒုက္ခနှင့် ကြုံတွေ့နေရသည်ဟု ဆိုသည်။ ***အင်တာနက်။***

### ဘရာဇီး၌ ရေကြီးခြင်း၊ မြေပြိုခြင်းတို့ကြောင့် ၁၁၂ ဦးသေဆုံး

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၃**

ဘရာဇီးနိုင်ငံ တောင်ပိုင်းတွင် ရေကြီးခြင်းနှင့် မြေပြိုခြင်းများကြောင့် စုစုပေါင်း ၁၁၂ ဦး သေဆုံးပြီး ၁၉ ဦးပျောက်ဆုံးကာ လူပေါင်း ၇၉၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ရကြောင်း နိုင်ငံပိုင်အသံလွှင့်ဌာနက အင်္ဂါနေ့တွင် ထုတ်လွှင့်သွားသည်။ ဆန်တာဆီတာရီနာပြည်နယ်တွင်အဆိုးရွားဆုံး ကြုံတွေ့နေရပြီး မြေပြိုမှုကြောင့် သေဆုံးသူ ၃၇ ဦးရှိကြောင်း သိရသည်။ ***အင်တာနက်။***

### တရုတ်(တိုင်ပေ)၌ ငလျင်လှုပ်

**ဟောင်ကောင် ဒီဇင်ဘာ ၃**

တရုတ်(တိုင်ပေ)အရှေ့ဘက်တွင် ဒီဇင်ဘာ ၂ရက် နံနက် ၁၁နာရီ ၁၉ မိနစ်က ရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ ငလျင်တစ်ခု လှုပ်သွားကြောင်း ဟောင်ကောင်မိုးလေဝသဌာနက ပြောကြားသည်။

အဆိုပါငလျင်သည် တရုတ်(တိုင်ပေ)၏ ဟူလင်ဒေသတောင်ဘက် ၇၆ ကီလိုမီတာခန့်အကွာ၌ ပင်လယ်ပြင်ကို ဗဟိုပြုပြီး လှုပ်သွားသည်။ သို့သော် သေကျေဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုကို ဖော်ပြခြင်းမရှိကြောင်း သိရသည်။ ***အင်တာနက်။***

# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပြင်ဦးလွင်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား ဒီဇင်ဘာ ၂ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် ရှင်းလင်းဆောင်၌ ထူးကုမ္ပဏီမှ တာဝန်ရှိသူများက ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် (၇၇)နှစ်မြောက်မွေးနေ့၊ တတိယအကြိမ် ပန်းပွဲတော်နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (၂)နှစ်မြောက် မွေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ဒီဇင်ဘာဒုတိယပတ်အတွင်း ကျင်းပရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။**

ဆက်လက်၍ ဝန်ကြီးသည် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်အတွင်း တိုးတက်မှုအခြေအနေများနှင့် စိမ်းလန်းစိုပြည်နေမှု၊ ခေတ်မီကလေးကစားကွင်းတည်ဆောက်ပြီးစီးမှုနှင့် ကစားစရာခေတ်မီကိရိယာများ စီစဉ်ထားရှိမှုတို့ကို လည်းကောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း တတိယအကြိမ်ပန်းပွဲတော်ကျင်းပရန် ပန်းအလှရောင်စုံများ စုဆောင်းထားရှိမှု၊ ပန်းအလှဒီဇိုင်းများ ပုံဖော်ထားရှိပြသမည့် အစီအစဉ်များနှင့် ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ လေ့လာအပန်းဖြေနိုင်ရန် ဆောင်ရွက်ပြင်ဆင်နေမှု၊ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ပြင်ဆင်ထားရှိမှု၊ အဆင့်မြင့်သစ်ခွဥယျာဉ်၌ ပြည်တွင်းမြန်မာ့သစ်ခွမျိုးများနှင့် ပြည်ပသစ်ခွမျိုးများ စုဆောင်းပြင်ဆင်ပြသထားမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာန ဒိုးကွင်အမြဲတမ်းသစ်တောပျိုးဥယျာဉ်အတွင်း နမူနာပြအဖြစ် ယူကလစ်သစ်တစ်မျိုးတည်းဖြင့် ဆောက်လုပ်ထားသော အိမ်ရာပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ အိမ်ရာမှာ (၈)နှစ်သားရှိ grandis ယူကလစ်ပင် ၁၀ပင်မှ ထွက်ရှိသောခွဲသားဆိုဒ်စုံ ၅ဒသမ ၄၆ တန်ဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျေးလက်များ၌ ပျဉ်ကာပျဉ်ခင်း နေအိမ်များဖြစ်လာစေရန်၊ ကျေးလက်အိမ်ရာထူထောင်ရေး ယူကလစ်စိုက်ခင်းများကို ပြည်နယ်နှင့်တိုင်း ကျေးရွာများတွင် အိမ်တိုင်းရွာတိုင်း၌ သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ ဝန်ကြီးသည် ဒိုးကွင်အမြဲတမ်းပျိုးဥယျာဉ်အတွင်း ပြင်ဦးလွင်ခရိုင် သစ်တောဦးစီးဌာနက စီမံဆောင်ရွက်ထားသော နိုင်ငံခြားဝင်ငွေရရှိသည့် ဆေးဖက်ဝင်သစ်ခွ (Dendrobium) ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ဆေးဖက်ဝင် သစ်ခွပျိုးဥယျာဉ်ကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိပြီး တိုင်းရင်းဆေးသုတေသနနှင့် ပရဆေး ထုတ်လုပ်မှုတို့ကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ကာ ထူထောင်ထားခြင်းဖြစ်ပြီး ဆင်မျက်ကွင်း၊ မဟာဒေဝီ၊ သင်းကြူကြူ၊ ခရမ်းရောင်လွင်ပြင်စသည့် သစ်ခွ ၁၀မျိုးကို စင်တင်စနစ်၊ တိုင်ထောင်စနစ်၊ ပေါင်စနစ်နှင့် ချိတ်ဆွဲစနစ်များဖြင့် စနစ်တကျစုဆောင်းစိုက်ပျိုးထားရာ စုစုပေါင်း ဆေးဖက်ဝင်သစ်ခွပင် နှစ်သောင်းခန့်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း အဆင့်မြင့် သစ်ခွဥယျာဉ်၌ ပြည်တွင်းမြန်မာ့သစ်ခွမျိုးများနှင့် ပြည်ပသစ်ခွမျိုးများ စုဆောင်း ပြင်ဆင်ထားမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော် လယ်ဝေးရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင် နာယကများ၊ နာယကများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ကျန်းမာရေး ဝန်ကြီးဌာနနှင့် နီးနွယ်သော ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ကိုယ်စားလှယ်များ၊နေပြည်တော်ခရိုင်၊ နေပြည်တော် ပျဉ်းမနား၊ နေပြည်တော် လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်းတို့မှ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ ကိုယ်ဝန်ဆောင် မိခင်လောင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ရက်သတ္တပတ် အထိမ်းအမှတ် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများပြခန်းကို ကြည့်ရှုကြသည်။

ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် ဟောပြောပွဲကို နံနက် ၁၀နာရီတွင် ကျင်းပရာ ကျန်းမာရေးဦးစီးဌာန အမျိုးသားခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးအစီအစဉ်(NAP)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ခင်ဥမ္မာစံက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့်ပတ်သက်သည့် အသိပညာတိုးပွားစေရန် "စောင့်ရှောက်မှုပေးကုသရေး မနေ့းကူပါ လက်တွဲပါ" ခေါင်းစဉ်ဖြင့် ဟောပြောပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၏ သိလိုသည်များကို ဖြေကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## ကြည့်ရှုအားပေး



**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် တက်ရောက်လာသူများ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ရက်သတ္တပတ်အထိမ်းအမှတ်လှုပ်ရှားမှု မှတ်တမ်း ဓာတ်ပုံများပြခန်းကို ကြည့်ရှုအားပေးကြစဉ်။**

(သတင်းစဉ်)

# ရန်ကုန်စီးပွားရေးတက္ကသိုလ် ၆၉ခုနှစ်ဘွဲ့ရများ (၁၀)ကြိမ်မြောက် တွေ့ဆုံပွဲ

**ရန်ကုန် ဒီဇင်ဘာ ၃**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၉ ခုနှစ် ဘွဲ့ရများ၏ (၁၀)ကြိမ်မြောက် တွေ့ဆုံပွဲအခမ်းအနားကို စိမ်းလန်းစိုပြည် (အင်းယားမြေ)၌ ၂၁-၁၂-၂၀၀၈ ရက်(တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်သဖြင့် ၁၉၆၉ခုနှစ် ဘွဲ့ရများအားလုံး ဖိတ်ကြားလွှာများ (သတင်းလွှာ) ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် တွေ့ဆုံပွဲ အစီအစဉ်များနှင့်စပ်လျဉ်း၍ သိရှိလိုပါက ဦးကြည်စိုး ဖုန်း ၀၉-၅၁၇၅၂၇၀၊ ဦးခင်မောင်ဝေ ဖုန်း-၂၁၄၀၆၄၊ ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း) ဖုန်း-၆၆၆၂၁၈၊ ၅၆၃၈၈၇၊ အင်းလေးစိုးမြင့် ဖုန်း-၅၃၀၃၂၇၊ ဦးလှတိုး ဖုန်း-၅၀၀၉၇၄၊ ဦးအေးဇော် ဖုန်း-၅၄၁၇၄၂၊ ခင်ဝင်း ဖုန်း-၆၆၄၄၇၇၊ ဦးသန်းထွန်း ဖုန်း-၃၇၁၅၄၄၊ ဦးမြင့်သန်း ဖုန်း-၅၁၁၃၂၈၊ ဒေါ်ခင်မြသိန်း ဖုန်း-၆၅၁၂၉၆၊ ဒေါ်ကြည်ကြည်ညွန့် ဖုန်း-၅၁၉၉၈၂၊ ဒေါ်ခင်ရဲမြင့် ဖုန်း-၅၅၂၈၅၇၊ ၀၈၅-၄၀၁၈၂၊ ဦးမင်းထွန်းရှိန် ဖုန်း-၀၂-၅၇၄၈၇၊ ဦးဝင်းနိုင် ဖုန်း-၀၅၇-၂၂၁၅၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# Myanmar Golf Tour 2008-2009 IBTC OPEN GOLF CHAMPIONSHIPS ဂေါက်သီးရိုက်ပြိုင်ပွဲ လားရှိုးဂေါက်ကွင်း၌ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar PGA တို့က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009)၏ တတိယပွဲစဉ်အဖြစ် IBTC OPEN GOLF CHAMPIONSHIPS ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၇ရက်မှ ၁၀ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ရှိ Lashio Golf Club ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် Professional အဆင့်နှင့် အပျော်တမ်းအဆင့်(Handicap ၀-၁၂)အဆင့်ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။

အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် Hole-In-One ဆုရရှိသူများအား ထိုက်ထိုက်တန်တန်ဆုများကို ချီးမြှင့်ကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဒီဇင်ဘာ ၅ရက် နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ကိုးမိုင် ဖုန်း ၀၁-၆၅၁၃၇၄၊ ၀၉-၂၀၃၇၆၇၁၊ ၀၉-၅၀၁၇၀၄၉ နှင့် Lashio Golf Club တို့၌ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

သန်လျင်မြို့၊ စိန့်ဂျော့ဂျ်ကျောင်းသား၊ကျောင်းသူဟောင်းများနှင့် အထက(၃) သန်လျင်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၁ရက် နံနက် ၁၁ နာရီတွင် အထက(၃)သန်လျင်ကျောင်း၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဒေါက်တာခင်ဇော် ဖုန်း-၀၅၆-၂၁၂၇၀၊၂၂၀၆၁၊ ဦးခင်ဝင်း ဖုန်း-၀၉-၅၁၀၈၁၄၀၊ ဒေါက်တာထူးထူးကို ဖုန်း-၀၉၅၁၅၃၉၈၀၊ ဦးနေဝင်း ဖုန်း-၀၉၉၉၂၀၄၆၈ တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ဂုဏ်သိက္ခာနှင့် တရားမျှတမှု၊ လူတိုင်းအတွက် ဒို့ရှေးရှု

ကြည်ထွန်း(လူမှုဝန်ထမ်း)

ကမ္ဘာ့လူဦးရေ၏ ဆယ်ပုံတစ်ပုံခန့်သည် မသန်စွမ်းသူများဖြစ်ကြသည်။ ကမ္ဘာ့လူသားတိုင်းသည် မည်သည့် အသက်အရွယ်တွင်မဆို အကြောင်း အမျိုးမျိုးကြောင့် အချိန်တိုင်း၊ နေရာတိုင်းတွင် မသန်စွမ်းဖြစ်နိုင်ကြပေသည်။ သို့ဖြစ်၍ မသန်စွမ်းမှုသို့မဟုတ် မသန်စွမ်းဖြစ်ခြင်း (Disability)နှင့် စပ်လျဉ်းသည်များကို လူသားတိုင်း လေ့လာသိရှိနားလည်ထားသင့်သည်။ မသန်စွမ်းသူများ အရေးသည် တစ်ကမ္ဘာလုံးက အထူးအာရုံစိုက် အလေးထားသည့် ကိစ္စတစ်ရပ်ဖြစ်သည်။ သို့ဖြစ်၍ နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို **အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့** (International Day of Disabled Persons )ဟုကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ထားသည်။

မြန်မာနိုင်ငံတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဦးဆောင်ကာ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၄ ခုနှစ်မှစ၍ နှစ်စဉ်မပျက် ကျင်းပခဲ့သည်မှာ (၁၅)နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် နှစ်စဉ် ဦးတည်ချက်များ ချမှတ်ပေးလေ့ရှိသည်။ ၂၀၀၈ခုနှစ်အတွက် ချမှတ်ပေးသော ဦးတည်ချက်မှာ- (Convention on the Rights of Persons with Disabilities Dignity and Justic for all of us) **“ဂုဏ်သိက္ခာနှင့် တရားမျှတမှု၊ လူတိုင်းအတွက် ဒို့ရှေးရှု”** ဟူ၍ ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံလည်းဖြစ်၊ အာရှနှင့် ပစိဖိတ်ဒေသတွင်း နိုင်ငံလည်းဖြစ်သော မြန်မာနိုင်ငံသည် မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကို ခေတ်အဆက်ဆက်၌ အဓိက လူမှုဝန်ထမ်း လုပ်ငန်းကြီးတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်။ အာရှနှင့်ပစိဖိတ်ဒေသရှိ သန်း ၄၀၀ ခန့်သော မသန်စွမ်းသူများအတွက် ပေါင်းစည်းသော၊ အတားအဆီးကင်းသော၊ အခွင့်အရေးများကို အခြေခံသော လူ့အဖွဲ့အစည်းတစ်ရပ်သို့ ရှေးရှုသည့် ဘီဝါကို ထောင်စုနှစ် ရှေ့လုပ်ငန်းစဉ် (Biwako Millennium Framework for Action)များကို ချမှတ်ထားရာ မြန်မာနိုင်ငံအနေဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် မြန်မာနိုင်ငံသား လူ့စွမ်းအားအရင်းအမြစ်များကို အပြည့်အဝအသုံးချရေးမှာ အဓိကကျလှ၏။ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးက မြန်မာတစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဆိုင်ရာ နှစ်ရှည်နှစ်တို စီမံကိန်းများချမှတ်၍ နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဆောင်ရွက်လျက်ရှိသည်။ အဆိုပါ အစီအစဉ်များတွင် မသန်စွမ်းဖြစ်မှုကို ကြိုတင်ကာကွယ်တားဆီးမှုဆိုင်ရာ အစီအစဉ်များ ပါဝင်သကဲ့သို့ မသန်စွမ်းသူတို့ဘဝ စိုပြည်လှပအောင် ပြန်လည်ထူထောင်ရေး၊ လူ့ဂုဏ်သိက္ခာမြင့်မားရေးနှင့် သန်စွမ်းသူများနည်းတူ တန်းတူညီမျှ အခွင့်အရေး ရရှိရေးကို ရှေးရှုသော အစီအစဉ်များလည်းပါရှိသည်။

ခေတ်မီဆေးဝါး နည်းပညာများဖြင့် ပြန်လည် ထူထောင်မှုပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့က အမျိုးသားပြန်လည် သန်စွမ်းရေး ဆေးရုံကြီးများဖွင့်လှစ်၍ ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။ လူမှုရေးအရ ပြန်လည် ထူထောင်မှုပေးခြင်း၊ ပညာသင်ကြားပေးခြင်း၊ အသက်မွေးမှုတစ်ခုပညာ ကိုယ်စီပါအောင် သင်ကြားလေ့ကျင့် ပျိုးထောင်မှုပေးသည့် လုပ်ငန်းများကိုမူ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာနက ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနက အမြင်အာရုံချို့ယွင်းသူတို့အတွက် ရန်ကုန်-ကြည့်မြင်တိုင်နှင့် စစ်ကိုင်းမြို့တို့တွင် မျက်မမြင်ကျောင်းများဖွင့်၍လည်းကောင်း၊ အကြားအာရုံချို့ယွင်းသူတို့အတွက် မန္တလေး-နားမကြားသော ကလေးများကျောင်းကိုလည်းကောင်း၊ ကိုယ်အင်္ဂါမသန်မစွမ်းသူတို့အတွက် ရန်ကုန်-မရမ်းကုန်းမြို့နယ်တွင် မသန်စွမ်း သက်ကြီးသင်တန်းကျောင်းနှင့် မသန်စွမ်း သက်ငယ်သင်တန်းကျောင်းတို့ ဖွင့်လှစ်၍လည်းကောင်း မသန်စွမ်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးပေးလျက်ရှိသည်။

ထို့အတူ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများက ဖွင့်လှစ်သော ရန်ကုန်-ခဝဲခြံမျက်မမြင်ကျောင်း၊ ပခုက္ကူမျက်မမြင်ကျောင်း၊ ပြင်ဦးလွင် မျက်မမြင်ကျောင်း၊ မြစ်ကြီးနား မျက်မမြင်ကျောင်း၊ ရန်ကုန်-မေရီချက်(ပ်)မင်း နားမကြားသောကလေးများ ကျောင်းတို့သည် **မျက်စိအဆုံး၊ နားမရှုံး** ဟူသော ရှေးဆိုထုံးကို တွန်းလှန်ဖယ်ရှားနိုင်အောင် အားထုတ်ကြိုးပမ်းရာဌာနများ ဖြစ်ကြသည်။ အင်းစိန်-ဖော့ကန်ရှိ ဧဒင်မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံနှင့် တောင်ကြီး-ဘုရားဖြူ မသန်စွမ်းဂေဟာတို့တွင် မသန်စွမ်းသောကလေးများနှင့် ဉာဏ်ရည်မမီသော ကလေးများကို ပြန်လည်ထူထောင်မှု ပြုလျက်ရှိသည်။

၂၀၀၆ ခုနှစ်မှစ၍ မျက်မမြင်ကျောင်းအချို့တွင် မျက်မမြင်သုံး e-mail, Internet ကို တပ်ဆင် အသုံးပြုနိုင်ခဲ့သည်။ ဤသို့ ခေတ်မီနည်းပညာများ သုံးစွဲနိုင်မှုကြောင့် ကမ္ဘာတွင် နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်ပြောင်းလဲနေသော သတင်းအချက်အလက်နှင့် နည်းပညာများကို သိရှိရခြင်း၊ကမ္ဘာအရပ်ရပ်ရှိ ဘဝတူ မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ရင်းနှီးကျွမ်းဝင်မှုရရှိကာ အတွေ့အကြုံများ ဖလှယ်နိုင်ခြင်း စသော အကျိုးကျေးဇူးများစွာ ရရှိကြသည်မှာ ဝမ်းမြောက်ကြည်နူးဖွယ်ကောင်းလှသည်။

ထို့အတူ မန္တလေး နားမကြားသော ကလေးများကျောင်းက **လက်သင်္ကေတပြအဘိဓာန်** (Myanmar sign language Dictionary)စာအုပ်ကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့က ပြုစုထုတ်ဝေပေးခဲ့သည်။ ထိုအဘိဓာန်သည် မြန်မာနိုင်ငံအရပ်ရပ်ရှိ နားမကြားသူတို့ ဘာသာစကားအဖြစ် **“စံ”** သတ်မှတ်ပေးလိုက်ခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် နားမကြားသူများ လူမှုအသိုင်းအဝိုင်းတွင် ဂုဏ်သိက္ခာရှိရှိဖြင့် ပါဝင်စွမ်းဆောင်နိုင်အောင် မြှင့်တင်ပေးလိုက်ခြင်းပင် ဖြစ်သည်။

လူတိုင်းအတွက် ပညာရေး (Education for All Project)ကို အကောင်အထည်ဖော်လျက်ရှိသော ယနေ့ကာလတွင် မသန်စွမ်းကလေးများအတွက် ပညာသင်ယူမှု အထူးအစီအစဉ်၊ ၎င်းတို့အတွက် သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်း ထုတ်လုပ်ခြင်း အစီအစဉ်၊ ပညာရေးကောလိပ် ဆရာအတတ်သင် ပညာရေးသင်ရိုးတွင် ထည့်သွင်းမှုအစီအစဉ်များကို ပညာရေးဝန်ကြီးဌာနက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖော်ဆောင်ပေးလျက်ရှိသည်။ လူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ် (Inclusive Education)ကြောင့် မျက်စိမမြင်သော၊ နားမကြားသော၊ ကိုယ်အင်္ဂါမသန်စွမ်းသောကလေးများသည် သန်စွမ်းသောကလေးများနှင့်တန်းတူ အခြေခံပညာကျောင်းများတွင် စာပေပညာ သင်ကြားလျက်ရှိကြသည်။ မသန်စွမ်းသင်တန်းကျောင်းအသီးသီးမှ နှစ်စဉ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများပေါ်ထွက်လာသည်။ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၁၃ ဦး၊ ၂၀၀၆ ခုနှစ်တွင် ခုနစ်ဦး၊ ၂၀၀၇ ခုနှစ်တွင် ငါးဦး၊ ၂၀၀၈ ခုနှစ်တွင် ခြောက်ဦး အောင်မြင်ခဲ့မှုသည် လူတိုင်းအကျုံးဝင်ပညာရေး၏ အကျိုးရလဒ်တစ်ခုဖြစ်သကဲ့သို့ မသန်သော်လည်း စွမ်းကြသည့် ပြယုဂ်များပင်ဖြစ်သည်။

နှစ်စဉ် အောက်တိုဘာလ၏ ဒုတိယပတ် ကြာသပတေးနေ့သည် **ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့** (World Sight Day)ဖြစ်သည်။ **မျက်စိရောဂါ တိုက်ဖျက်ပါ အနာဂတ်ဘဝလွန်သာယာ** (Eyes on the future fighting vision impairment in later life) ဟူသော ဆောင်ပုဒ်ဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် မျက်စိရောဂါတိုက်ဖျက်ရေး အစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ **အမြင်သန်စွမ်း၊ တို့အခွင့်အလမ်း ၂၀၂၀ အရောက်လှမ်း** ဟူသော ဦးတည်ချက်ဖြင့် မျက်စိကျန်းမာရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ အာရုံငါးပါးတွင် အရေးအကြီးဆုံးဖြစ်သော စက္ခုအာရုံကို ပြန်လည်ဖော်ဆောင် ပေးနေသော အထူးကုဆရာဝန်ကြီးများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များ၏ ထက်သန်သော စေတနာသဒ္ဓါတရားကို ကာယကံရှင် အမြင်မသန်စွမ်းသူများသာမက ပြည်သူလူထုတစ်ရပ်လုံးက ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုလျက်ရှိကြသည်။

နှစ်စဉ် အောက်တိုဘာလ၁၅ရက်နေ့သည် **နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့** (International white cane day)ဖြစ်သည်။ ၁၉၉၂ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပပေးသော ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲများတွင် မျက်မမြင်များ ရာချီပါဝင်ပြီး ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်ကို ဖော်ကျူးပြသကြသည်။ ၂၀၀၈ခုနှစ် မျက်မမြင်လမ်းလျှောက်ပွဲတွင် တစ်နိုင်ငံလုံးရှိ မျက်မမြင်ကျောင်းကိုးခုမှ မျက်မမြင် ၆၃၇ဦး ပါဝင်ဆင်နွှဲခဲ့သည်။ လမ်းတစ်လျှောက်ရှိ မိဘပြည်သူများကလည်း သောင်းသောင်းဖြဖြ အားပေးလှူဒါန်းကြသည်။ လမ်းလျှောက်ပွဲအပြီး မြို့တော်ဝန်ဆုဖလားနှင့် ဂုဏ်ပြုလက်ဆောင် ချီးမြှင့်ပွဲအခမ်းအနားတွင် မျက်မမြင်ကျောင်းအသီးသီးရှိ ကျောင်းသား၊ ကျောင်းသူလေးများက ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ သီဆိုဖျော်ဖြေပေးကြသည်။ အဆိုပါလှုပ်ရှားမှုသည် မသန်စွမ်းသူတို့၏ ဂုဏ်သိက္ခာကို ပေါ်လွင်မြင့်မားစေသည်သာမက ပြည်သူအများ၏ အားပေးမှု၊ ကူညီမှု၊ စောင့်ရှောက်မှုတို့ကို ပိုမိုရရှိစေခဲ့သည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်က မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲများကို နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်ပေးလျက်ရှိသည်။ ထူးချွန်ထက်မြက်သော မသန်စွမ်း အားကစားသမားများကို ဒေသအဆင့်မှသည် ကမ္ဘာ့အဆင့်သို့တိုင် တက်လှမ်းယှဉ်ပြိုင်နိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ ၂၀၀၇ ခုနှစ် အောက်တိုဘာလက တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့၌ ကျင်းပသော Special Olympic for world summer Games တွင် မြန်မာနိုင်ငံမှ မသန်စွမ်းကလေး ၁၅ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်ငါးခု ဆွတ်ခူးရရှိခဲ့သည်။ မြန်မာနိုင်ငံဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၈ ခုနှစ် စက်တင်ဘာလအတွင်းက အားကစားပြိုင်ပွဲများ ကျင်းပခဲ့ရာ ဉာဏ်ရည်မမီ အားကစားသမား ၂၅၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်မှာ အားရကျေနပ်ဖွယ် ကောင်းလှသည်။

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကျင်းပရေးကော်မတီကကြီးမှူး၍ မသန်စွမ်းမှု အမျိုးအစားအလိုက် အကြိုလှုပ်ရှားမှု စွမ်းရည်ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးခဲ့သည်။ ကိုယ်လက်အင်္ဂါမသန်စွမ်းသူများက ဆံသပြိုင်ပွဲ၊ ပိုးဇာပြိုင်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲနှင့် စက်ချုပ်ပြိုင်ပွဲများတွင်လည်းကောင်း၊ မျက်မမြင်များက ပန်းချီပြိုင်ပွဲ၊ ကြိမ်ထိုးပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲများတွင် လည်းကောင်း၊ နားမကြားသူများက တစ်ပင်တိုင်အကနှင့် နှစ်ပါးသွားအကပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စက်ချုပ်ပြိုင်ပွဲများတွင်လည်းကောင်း၊ ဉာဏ်ရည်မမီသော ကလေးများက ပန်းချီပြိုင်ပွဲ၊ တစ်ပင်တိုင်အကနှင့် စုံတွဲတေးသရုပ်ဖော် အကပြိုင်ပွဲများတွင်လည်းကောင်း တပျော်တပါး ပါဝင်ယှဉ်ပြိုင်ဆင်နွှဲခဲ့ကြသည်။ ပြိုင်ပွဲအသီးသီးတွင် အားကြိုးမာန်တက် လေ့ကျင့်ပြင်ဆင်ပြိုင်ပွဲဝင်ကြသော မသန်စွမ်းသူတို့၏ အားမာန်နှင့် သတ္တိကို လေးစားဂုဏ်ယူဖွယ်တွေ့မြင်ရသည်။

မျက်မှောက်ခေတ်၌ မသန်စွမ်းမှုသည် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ကျန်းမာရေးနှင့်ဆိုင်သော ပြဿနာမဟုတ်တော့ဘဲ ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သော လူမှုဖွံ့ဖြိုးရေးကိစ္စတစ်ရပ် ဖြစ်လာသည်။ ယနေ့အိုင်တီ သတင်းခေတ်ဖြစ်သည့် ၂၁ ရာစုတွင် လူသားတစ်ဦး၏ စွမ်းဆောင်ရည်ကို အသုံးချနိုင်သော လွယ်ကူသည့် နည်းလမ်းမျိုးစုံလည်း ရှိလာပြီဖြစ်သည်။ မသန်စွမ်းသူတို့တွင်ရှိသော ကာယ၊ ဉာဏစွမ်းဆောင်ရည်များကို ပြည့်ဝစွာအသုံးချစေခြင်းဖြင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် များစွာ အထောက်အကူ ရရှိစေမည်ဖြစ်သည်။ သို့ဖြစ်၍ မသန်စွမ်းသူများ၊ မိသားစုဝင်များ၊ ကျွမ်းကျင်သူပညာရှင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များအပြင် ပြည်သူများအားလုံး စုပေါင်းလက်တွဲ၍ မသန်စွမ်းသူတို့ဘဝ သာယာလှပရေးကို ဝိုင်းဝန်းဖန်တီးကြရမည်သာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**ခေတ်မီဆေးဝါးနည်းပညာများဖြင့် ပြန်လည်ထူထောင်မှုပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့က အမျိုးသား ပြန်လည်သန်စွမ်းရေး ဆေးရုံကြီးများဖွင့်လှစ်၍ ပြုစုစောင့်ရှောက် ပေးလျက်ရှိ။ လူမှုရေးအရ ပြန်လည်ထူထောင်မှုပေးခြင်း၊ ပညာ သင်ကြားပေးခြင်း၊ အသက်မွေးမှုတစ်ခုပညာကိုယ်စီပါအောင် သင်ကြား လေ့ကျင့်ပျိုးထောင်မှုပေးသည့် လုပ်ငန်းများကိုမူ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက် လျက်ရှိ။**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

**ရန်ကုန် ဒီဇင်ဘာ ၃**

စာပေဗိမာန် စာအုပ်အသင်းက ပခုက္ကူဦးအုံးဖေ စာပေဆု သုတေသန စာပေ(ပထမ)ဆုရ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်ဆေးတက္ကသိုလ်) ရေးသားသည့် “တော်ဝင်ခံ့ထည် မြန်မာ့ ပိုးထည်” စာအုပ်ကို စာအုပ်အသင်း၏ (၄၂)အုပ်မြောက် စာအုပ်အဖြစ် ရန်ကုန်နှင့် နယ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး နယ်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန် စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန် စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြောက်ဥက္ကလာပမြို့နယ်ဦးစီးဌာနမှူးရုံး
# ဝန်ကြီး ဗိုလ်ချုပ်စောလွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၃

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် နိုဝင်ဘာ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအားတွေ့ဆုံ၍ စီမံကိန်းရည်မှန်းချက်တာဝန်များ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားကာ မှတ်တမ်းခန်းအတွင်း မှတ်တမ်းဖိုင်များ၊ စာရင်းဇယားများ စနစ်တကျ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။** (အပေါ်ပုံ)

ထို့နောက် ဝန်ကြီးအား ရန်ကုန်မြို့ရှိ ပြည်သူ့အင်အားဦးစီးဌာန ဧည့်ခန်းမ၌ ရန်ကုန်တိုင်း ဦးစီးဌာနမှူး ဦးလှဒေါင်းက ရန်ကုန်တိုင်းအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးနေမှု၊ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များ၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက တာဝန်ရှိသူ အဆင့်ဆင့်အနေဖြင့် နယ်မြေအလိုက် အောက်ခြေအဆင့်ထိ ကွင်းဆင်းစစ်ဆေးကြပ်မတ်ကာ တွေ့ကြုံရသော အခက်အခဲများကို ဖြေရှင်း၍ ညှိနှိုင်းဆောင်ရွက်ပေးရေး၊ လုပ်ငန်းများကို နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်၍ ရည်မှန်းချက် အောင်မြင်ရေးအတွက် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ကြရေး၊ ပြည်သူအပေါ် စေတနာအရင်းခံထားကာ လုပ်ငန်းအခက်အခဲနှင့် လိုအပ်ချက်များကို အထက်ဌာနအဆင့်ဆင့်သို့ အချိန်မီ တင်ပြဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**အထက(၄) မင်္ဂလာတောင်ညွန့်(စိန့်အန်ထော်နီ) ကျောင်းသားဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ ရက်က အဆိုပါကျောင်း ကျောင်းခန်းမ၌ ကျင်းပစဉ်။** (ကြေးမုံ)

# စိန့်ပေါလ်ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

စိန့်ပေါလ်ကျောင်းသားဟောင်းများနှင့် အထက(၆)ဗိုလ်တထောင် ကျောင်းသားဟောင်းများ၏ နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ညစာစားပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၁၁ နာရီခွဲတွင် ဥက္ကလာဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသော ကျောင်းသားဟောင်းများသည် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့် ဖုန်း-၅၄၇၄၅၅၊ ၀၉၅၁-၈၈၃၀၆၊ အတွင်းရေးမှူး ဦးအောင်ကျော်မိုး ဖုန်း-၅၁၁၇၅၆၊ ဘဏ္ဍာရေးမှူး ဦးသိန်းဆွေ ဖုန်း-၃၈၈၁၈၈၊ ၀၉၅၁-၉၃၄၃၄၊ ဦးဆန်နီတင့်ဇော် ဖုန်း-၀၉၅၀-၄၂၉၇၉၊ ဦးအလ်ဒီဘတ်ဦး ဖုန်း-၀၉၅၀-၁၉၀၅၃ အမှုဆောင်များထံတွင် ဆက်သွယ် စုံစမ်းနိုင်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။

(သတင်းစဉ်)



**ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ရွှေညောင်ပင်လမ်း (ရွှေကုန်းရပ်ကွက်) ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးကြည်စော၊ တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးမြင့်ဝင်း၊ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်ကောင်းမြတ်မြတ်မွန်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## မြေယာရှင်းလင်းခြင်း၊ ပန်းအလှပင်များစိုက်ပျိုးခြင်း ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၃

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် မြို့အဝင် ဗိုလ်ချုပ်လမ်းဝဲဘက်တွင် မြေယာရှင်းလင်းပြုလုပ်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်နန်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကျော်ဇင်နိုင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

# သမိုင်းမြို့မ အထက(၁)မရမ်းကုန်း အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သမိုင်းမြို့မ အထက(၁)မှ သက်ကြီးဆရာကြီး၊ ဆရာမကြီးများအား (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း စန္ဒိမာခန်းမ၌ ကျင်းပနိုင်ရေးအတွက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး အစည်းအဝေးကို ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် အထက(၂) မရမ်းကုန်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(၅၆၁)

**ယနေ့ မီး ကြိုတင်ကာကွယ်ရေးသည်**

**မနက်ဖြန် မီးဘေးလုံခြုံရေးဖြစ်သည်**

# နန်းချိုရေအားလျှပ်စစ်စီမံကိန်း ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၃

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် နန်းချိုချောင်း၏ အထက်ဘက် ခုနစ်မိုင်ခန့်အကွာရှိ အမှတ်(၁) တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော "နန်းချို" ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ ရေထိန်းကန် တည်ဆောက်မည့်မြေနေရာ၊ မြေကြီးကျောက်သား တူးဖော်ထားရှိမှု၊ ရေသွယ်ဥမင်လိုဏ်အထွက်လုပ်ငန်းအပိုင်း(၄)အတွင်းရှိ ဥမင်လိုဏ်တူးဖော်မှု၊ စလူချောင်းဝဲဘက်ကမ်းရှိ ရေသွယ်ဥမင်လိုဏ် အဝင်လုပ်ငန်းအပိုင်း(၃)ရှိ ဥမင်လိုဏ် မြေကြီးကျောက်သား တူးဖော်ထားမှု၊ ရေသွယ်ဥမင်လိုဏ်လုပ်ငန်း အပိုင်း(၁)ရှိ ဥမင်လိုဏ်အတွင်း ကွန်ကရစ်လိုင်နင် သွန်းလောင်းပြီးစီးမှုနှင့် ကွန်ကရစ်သွန်းလောင်းရန် ပြင်ဆင်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပင်မတမံ တည်ဆောက်မည့်မြေနေရာ မြေကြီးကျောက်သား တူးဖော်ထားရှိမှု၊ ရေလွှဲရေထုတ်ပွန် တည်ဆောက်ပြီးစီးမှုနှင့် ကျောက်ခွဲစက်မှ ကျောက်ထုတ်လုပ်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။**

**ရှင်းလင်းတင်ပြ**

ထို့နောက် ဝန်ကြီးအား စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးသောင်းဟန်က စီမံကိန်းတစ်ခုလုံး၏ လုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏများနှင့် လက်ရှိဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် အဓိက ပံ့ပိုးပစ္စည်းရရှိမှု၊ လိုအပ်ချက် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဝန်ကြီးက လုပ်ငန်းခွင်သုံး ပစ္စည်းများ စုဆောင်းထားရှိရေးနှင့် လုပ်ငန်းများ လျာထားချက်ထက် အချိန်တိုအတွင်း အမြန်ပြီးစီးအောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

အဆိုပါ နန်းချိုရေအားလျှပ်စစ် စီမံကိန်းသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၄၀ မှ နှစ်စဉ် ပျမ်းမျှ လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၁၅၂ သန်းခန့် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး ယခုအခါ စီမံကိန်း တစ်ခုလုံး၏ ၂၄ ဒသမ ၁၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၄-၁၂-၂၀၀၈ ( ကြာသပတေးနေ့ )

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၅း၁၀ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ **ကာတွန်းအစီအစဉ် -လူစွမ်းကောင်းလေး "လူဆာ" (အပိုင်း-၁)**
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကျွန်တော်တင်တဲ့ မင်းသမီး (အပိုင်း-၂)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ အနုပညာရှင်၏တစ်နေ့တာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း -၃၀)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။



**နိုဝင်ဘာ ၁၀ ရက်တွင် ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးဆောင်ရွက်လျက်ရှိရာ နှစ်လက်မစက်ရေတွင်း နှစ်တွင်းမှ ရေဖြန့်ဝေမှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှဦးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးကျော်မင်းသန်းတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မော်လမြိုင်ကျွန်းနှင့် လပွတ္တာမြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် 　 ဒီဇင်ဘာ 　 ၃

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဒီဇင်ဘာ ၂ ရက်တွင် မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာသို့ ရောက်ရှိ၍ ဌာနဆိုင်ရာများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး Original Group ဆောက်လုပ်ရေးကုမ္ပဏီ တာဝန်ခံက အခြေခံပညာအထက်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုနှင့် ကျေးလက်အိမ်ရာ အလုံး ၁၅၀ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးသည် လှိုင်းဘုန်းကျေးရွာ လူနေအိမ် အလုံး ၁၅၀ တည်ဆောက်ရေးလုပ်ငန်းခွင်ကို လည်းကောင်း၊ စည်ပင်သာယာရေးဦးစီးဌာနက အနက် ပေ ၅၇၀ အထိ တူးဖော်ခဲ့သော လေးလက်မ စက်ရေတွင်း တူးဖော်ပြီးစီးမှုနှင့် ရေရယူ သုံးစွဲနေမှုအခြေအနေများကိုလည်းကောင်း၊ ၁၂ဒသမ ၅ကေဗွီအေ မီးစက်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန်ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ကျေးရွာပညာအလင်းစာကြည့်တိုက် ဖွင့်လှစ်ထားမှု၊ လူမှုရေးအသင်းအဖွဲ့ရုံးများနှင့် ဆေးခန်းများ ယာယီဖွင့်လှစ်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် လှိုင်းဘုန်းကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသော မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)မှ ဒေါက်တာအောင်ကြည်ထွန်း ဦးစီးသော ဆရာဝန်အဖွဲ့အား တွေ့ဆုံပြီး လှိုင်းဘုန်းကျေးရွာအတွင်းရှိ စျေးဆိုင်များ၊စားသောက်ဆိုင်များ၏ ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဝန်ကြီးသည် လပွတ္တာမြို့နယ် ဒေါင့်ချောင်းကျေးရွာသို့ရောက်ရှိ၍ လူနေအိမ် အလုံး ၁၂၀ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာလူထုနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ဝန်ကြီးသည် ပိုးလောင်းစံပြကျေးရွာသို့ ရောက်ရှိ၍ အခြေချ နေထိုင်လျက်ရှိသော နေအိမ်များကိုလည်းကောင်း၊ ရာသီသီးနှံစိုက်ခင်းများ၊ ကျေးရွာအားကစားကွင်းနှင့် လမ်းများ ပြုပြင်ထားရှိမှု၊ ယာယီဆေးခန်း ဖွင့်လှစ်ထားရှိမှု၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ တက်နေဝန်း စာကြည့်တိုက်နှင့် ကျေးရွာ လူမှုရေးအသင်းအဖွဲ့ရုံးများ ဖွင့်လှစ်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ကျေးလက် အိမ်ရာများ တည်ဆောက်လျက်ရှိသော ဝါဝါဝင်းကုမ္ပဏီ၏ ရှင်းလင်းဆောင်၌ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝါဝါဝင်းကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပိုးလောင်းစံပြကျေးရွာအတွင်း ဆောက်လုပ်ပြီးဖြစ်သော အိမ်ရာများ၌ ပြည်သူများ၏ နေထိုင်မှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာဆေးခန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(နယ်စပ်/စည်ပင်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၁၂-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "ကံလေးမျိုး"တရားတော် (ကညင်ကုန်းဆရာတော် အရှင်ဉာဏောဘာသ) |
| ၈း၀၀ - ၂း၀၀ | နိဗ္ဗာန်ဆီသို့. . . အမေးအဖြေများ |
| ၈း၃၀ - ၂း၃၀ | တေးဂီတအစီအစဉ် |
| ၈း၃၅ - ၂း၃၅ | ပြည်တွင်းအနုပညာရေးရာ |
| ၉း၀၀ - ၃း၀၀ | Activities In The City (ရွှေသိဒ္ဓိကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း) (Praram 9 Hospital ဆေးပညာဆိုင်ရာဆွေးနွေးပွဲ) |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၅ - ၃း၃၅ | တိရစ္ဆာန်လေးတွေမွေးကြမယ် (Doe Pet Shop) |
| ၉း၅၅ - ၃း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၀ - ၄း၀၀ | အရသာထူးကဲဆယ့်နှစ်ရာသီပိန္နဲ |
| ၁၀း၁၅ - ၄း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ - ၄း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅ - ၄း၂၅ | သဘာဝကပေးတဲ့အကျိုးအာနိသင် |
| ၁၀း၄၀ - ၄း၄၀ | ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာဌာနအကြောင်းသိကောင်းစရာ(အပိုင်း-၂) (ဒေါက်တာခင်မျိုးလှ) |
| ၁၀း၅၅ - ၄း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၅ - ၅း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ - ၅း၁၀ | Yangon Panorama [(၁၄)ကြိမ်မြောက် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား] |
| ၁၁း၄၀ - ၅း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၅၀ - ၅း၅၀ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ ''ပန်းပွင့်တွေရဲ့နေ့ ဓားသွားတွေရဲ့ည'' |
| ၁၂း၁၀ - ၆း၁၀ | တေးဂီတအစီအစဉ် |
| ၁၂း၁၅ - ၆း၁၅ | ''ဖန်တီးသူ၏ပညာစွမ်းမှသည်----လှပသောဘဝများဆီသို့'' |
| ၁၂း၃၅ - ၆း၃၅ | ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ စုစုခိုင်နှင့်တွေ့ဆုံခြင်း) |
| ၁၂း၅၅ - ၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပိုလန်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာဂျာဇီဘိုင်ယာအား ခန့်အပ်ရန် သဘောတူ

**နေပြည်တော် 　 ဒီဇင်ဘာ 　 ၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပိုလန်နိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာဂျာဇီဘိုင်ယာအား ခန့်အပ်ရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာဂျာဇီဘိုင်ယာသည် ၁၉၅၂ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ဝါဆောမြို့၌ မွေးဖွားခဲ့ပြီး ၁၉၇၄ခုနှစ်တွင် ဝါဆောတက္ကသိုလ်မှ တရုတ်ဘာသာစကားနှင့် အရှေ့တိုင်းပညာဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ကို လည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် ပိုလန်သိပ္ပံတက္ကသိုလ်မှ ပါရဂူဘွဲ့ကို လည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၁၉၇၄ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ အီဂျစ်၊ ဆီးရီးယား၊ ကမ္ဘောဒီးယား၊ ရာဝမ်ဒါ၊ ယူဂန်ဒါ၊ ဘူရွန်ဒီ၊ ဇိုင်ရာ၊ ကင်ညာနှင့် ဆိုမာလီးယားနိုင်ငံများရှိ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့များ၌ စကားပြန်၊ ထောက်ပံ့ရေးအင်ဂျင်နီယာ၊ တိုက်ပွဲဝင်အင်ဂျင်နီယာ၊ တိုက်ပွဲဝင်အရာရှိ၊ စစ်ဦးစီးအရာရှိနှင့် စစ်ဘက်ဆိုင်ရာ လေ့လာရေးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၁၉၇၆ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ပိုလန်သတင်းအေဂျင်စီ နိုင်ငံခြားသတင်းဌာန၌ သတင်းထောက်အဖြစ်လည်းကောင်း၊ ပေကျင်းမြို့ရှိ ပိုလန်သတင်းအေဂျင်စီ အမြဲတမ်းသတင်းထောက်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉၉၅ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ပိုလန်သံရုံးနှင့် ရှန်ဟိုင်းမြို့ရှိ ကောင်စစ်ဝန်ချုပ်ရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၅ ခုနှစ်မှစတင်၍ ၎င်းသည် ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာနှင့်မူဝါဒစီမံကိန်းဌာန၌ ပထမသံမှူးအဖြစ်လည်းကောင်း၊ ဝါဆောတက္ကသိုလ် အရှေ့တိုင်းပညာဌာနတွင် ကထိကအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာဂျာဇီဘိုင်ယာသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်ပြီးပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပိုလန်သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦး ရှိသည်။ 　 (သတင်းစဉ်)

▲ **ရွှေဖုံးမှ**

ပင်လယ်ရေမျက်နှာပြင် တစ်မီတာ ၃ ဒသမ ၃ ပေ ပိုမိုမြင့်တက်လာရုံမျှဖြင့် မော်လ်ဒိုက်နိုင်ငံသည် ပင်လယ်ရေအောက်သို့ ကျရောက်သွားမည်ဖြစ်ကြောင်း နာရှစ်က ပြောကြားသည်။

မော်လ်ဒိုက်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏ တောင်ဘက်စွန်း ကမ်းလွန်ပင်လယ်ပြင်အတွင်း သန္တာကျွန်းပေါင်း ၁၁၉၂ ကျွန်းဖြင့် ဖွဲ့စည်းထားသော နိုင်ငံဖြစ်သည်။

ယခုရာစုနှစ် နှစ်ကုန်ထက် နောက်မကျဘဲ ပင်လယ်ရေမျက်နှာပြင် ၁၈ စင်တီမီတာထက်မနည်း တက်လာနိုင်သည်ဟု ကျွမ်းကျင်သူပညာရှင်များက ဟောကိန်းထုတ်ထားသည်။

အနာဂတ်တွင် ရေဘေးလွတ်ရာသို့ မိမိ၏ပြည်သူများ ထွက်ပြေးနိုင်စေရေးအတွက် ကုန်းမြင့်အရပ်ရှိ မြေနေရာများကို ဝယ်ယူနိုင်ရန် ယခုကပင် ငွေကြေးကို ချွေတာစုဆောင်းထားရမည်ဖြစ်ကြောင်း။ မော်လ်ဒိုက်ကျွန်းသူကျွန်းသားများသည် ၎င်းတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့်ပတ်သက်၍ အာမခံကုမ္ပဏီများထံတွင် အာမခံထားရှိရန်လည်း လိုအပ်မည်ဖြစ်ကြောင်း သမ္မတနာရှစ်က ပြောကြားသည်။

မော်လ်ဒိုက်ကျွန်းနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်ပြီး ကမ္ဘာ့အဆင့်မီ ဇိမ်ခံဟိုတယ် အများအပြားရှိသည်။ အိန္ဒိယသမုဒ္ဒရာမြောက်ပိုင်းရှိ ယင်းနိုင်ငံမှာ ၁၁၅ စတုရန်းမိုင် ကျယ်ဝန်းသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းတို့သည် နိုင်ငံတော်၏စီးပွားရေးတွင် ဝင်ငွေအဓိကရရှိသော လုပ်ငန်းကဏ္ဍများဖြစ်သည်။

***အင်တာနက်။***

## အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန် 　 ဒီဇင်ဘာ 　 ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေးသုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်သည် ယနေ့နံနက် ၁၁ နာရီတွင် အမှတ်(၅၄၅/၅၄၇) ကုန်သည်လမ်း ရန်ကုန်မြို့ရှိ အိန္ဒိယသမ္မတနိုင်ငံ သံရုံးသို့ သွားရောက်၍ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ကွယ်လွန်သွားသော အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr.V.P. Singh အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။ **(အောက်ပုံ)** 　 (သတင်းစဉ်)



○ ကျောဖုံးမှ

ထို့အတူ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ထားသော မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း၊ ခဝဲခြံ မျက်မမြင်ကျောင်း၊ ပခုက္ကူမျက်မမြင်ကျောင်း၊ ပြင်ဦးလွင်မျက်မမြင်ကျောင်း၊ မိတ္ထီလာမျက်မမြင်ကျောင်း၊ မြစ်ကြီးနားမျက်မမြင်ကျောင်း၊ ဧဒင် မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံ၊ တောင်ကြီးဘုရားဖြူ မသန်စွမ်းဂေဟာများသည် မသန်စွမ်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနေသော နေရာဌာနများပင်ဖြစ်ကြောင်း။

ထို့အပြင် မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များမိတ်သဟာယ၊ ရန်ကုန်နားမကြားအသင်း၊ မန္တလေး နားမကြားအသင်း၊ မြန်မာနိုင်ငံ ကိုယ်အင်္ဂါ မသန်စွမ်းသူများ အသင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့ စသည့် အသင်းအဖွဲ့များသည် မသန်စွမ်းသူတွေ၏ ဂုဏ်သိက္ခာမြင့်မားရန်နှင့် သန်စွမ်းသူများနှင့်တန်းတူရည်တူ ရပ်တည်နိုင်အောင် ကြိုးပမ်းနေကြသော အဖွဲ့အစည်းများဖြစ်ကြကြောင်း။

ယနေ့ခေတ်၌ နိုင်ငံတော်အစိုးရက မသန်စွမ်းသူများအပေါ် အပစ်ပယ်ခံဘဝ မရောက်ရှိအောင်၊ စိတ်ဓာတ်ရေးရာပိုင်းတွင် မြင့်မားတက်ကြွလာအောင်၊ လူ့ဘောင်အဖွဲ့အစည်းအတွင်း ဂုဏ်သိက္ခာပြည့်ပြည့်ဝဝဖြင့် တန်းတူရည်တူရပ်တည်နိုင်အောင် အလေးထားပြီး ဆောင်ရွက်ပေးနေသည့်အတွက် မသန်စွမ်းသူများအနေဖြင့် အံ့မခန်းဖွယ်ရာ လူစွမ်းလူစပြရမည့်ခေတ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် ဌာနအဖွဲ့အစည်းအသီးသီးမှ ရွေးချယ်ပေးသည့် ထူးချွန်မသန်စွမ်းသူလေးဦးနှင့် မသန်စွမ်း သင်တန်းကျောင်း အသီးသီးမှ ဘက်စုံထူးချွန်သူ ၁၈ ဦးကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း။

မသန်စွမ်းသူများအပေါ် စာနာဆပွားအလေးထားပြီး ၎င်းတို့၏ဘဝမြင့်မားလာပစေရန်အတွက် ဝိုင်းဝန်းမြှင့်တင် အားပေးလှူဒါန်းနေကြသည့် လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်တွင်း၊ ပြည်ပက စေတနာရှင်အလှူရှင် အပေါင်းတို့ကိုလည်း ကျေးဇူးဥပကာရအထူးတင်ရှိသည်ဟု ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- မသန်စွမ်းသူများ၏ အရေးကိစ္စသည် လူ့အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် လူမှုဖွံ့ဖြိုးမှုကိစ္စတစ်ရပ်ဟု လက်ခံနားလည်သဘောပေါက်ပြီး စုပေါင်းလက်တွဲဆောင်ရွက်ပေးကြပါ။
- နိုင်ငံတော် တည်ဆောက်ရေးနှင့်တိုင်းကျိုး ပြည်ပြုလုပ်ငန်းများတွင် မသန်စွမ်းသူများအားကြိုးမာန်တက် ပါဝင်လာအောင် ဝိုင်းဝန်းဖန်တီးပေးကြပါ။
- "ဂုဏ်သိက္ခာနှင့် တရားမျှတမှု၊ လူတိုင်းအတွက် ဒို့ရှေးရှု" ဆိုသည့် ၂၀၀၈ခုနှစ်အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဦးတည်ချက်နှင့်အညီ သန်စွမ်းသူများရော၊ မသန်စွမ်းသူများပါ တက်ညီလက်ညီ ပူးပေါင်းလက်တွဲပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင်သစ်ကို တည်ဆောက်ကြပါစို့ဟု ပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ၂၀၀၈ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Bishow Parajuli က ဖတ်ကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာနှင့်အဖွဲ့အစည်းများမှ ထူးချွန်ဆုရ မသန်စွမ်းသူများအား ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မသန်စွမ်းကျောင်းများမှ ဘက်စုံထူးချွန် မသန်စွမ်းကလေးများအား ရွှေနေချုပ်ဦးအေးမောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Bishow Parajuli နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ranesh Sherestha တို့က ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြိုလှုပ်ရှားမှုပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများ၊ မသန်စွမ်းကျောင်းများ၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)






လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)






စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# စွမ်းအင်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃

**စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးရုံးရတနာခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားရာတွင် ပြည်တွင်း၌ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေး နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ရေနံချက်စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးနှင့် စိုက်ပျိုးရေးအတွက် အဓိကအထောက်အကူပြုသော ဓာတ်မြေဩဇာ တိုးတက်ထုတ်လုပ်သွားနိုင်ရန်နှင့် ဓာတ်မြေဩဇာစက်ရုံများအလိုက် လျာထားချက်ပြည့်မီကျော်လွန်အောင် ထုတ်လုပ်သွားကြရန် စသည်ဖြင့် မှာကြားပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။**

ထို့နောက် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများအလိုက် ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာ တာဝန်ခံ အရာရှိများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေကကဏ္ဍအလိုက် သုံးသပ်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်ရေးနှင့်ပတ်သက်၍ ရေနံမြေဟောင်းများတွင် ရှိရင်းစွဲပေတိမ်ပေလတ် တွင်းတူးစက်များဖြင့် တွင်းသစ်များ တူးဖော်ခြင်းနှင့် တွင်းဟောင်းများ ပြုပြင်ဆောင်ရွက်ခြင်းဖြင့် လက်ရှိရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်ကိုထိန်းထားရန်၊ ပြည်ပမှ မှာယူရောက်ရှိလာသော ပေနက်တွင်းတူးစက်များကို ဆိုက်စမစ်တိုင်းတာမှုအရ အလားအလာကောင်းမွန်ပြီး ယခင်မိမိတို့ ရှာဖွေမတူးဖော်ရသေးသည့် ပေနက်တွင်းသစ်များကို တူးဖော်သွားခြင်းဖြင့် ပြည်တွင်းစက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့လိုအပ်ချက် ပြည့်မီကျော်လွန်အောင် စီမံဆောင်ရွက်လျက်ရှိသဖြင့် သက်ဆိုင်ရာလုပ်ငန်းများမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းသွားရန်၊ ဓာတ်မြေဩဇာ စက်ရုံများနှင့်ပတ်သက်၍ နှစ်ပတ်လည်ပြုပြင်ဆင်မှုများ ပြီးစီးပြီဖြစ်သဖြင့် စက်ရုံအလိုက် လျာထားသတ်မှတ်ထားသောဓာတ်မြေဩဇာ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လက်ရှိ စွမ်းအင်ဝန်ကြီးဌာနက တာဝန်ယူအကောင်အထည်ဖော်လျက်ရှိသော ကုန်းတွင်း၊ ကမ်းလွန် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော် ထုတ်လုပ်နေသော စီမံကိန်းများ၊ ပြည်တွင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမှုစီမံကိန်းများနှင့် ဓာတ်မြေဩဇာစက်ရုံသစ်များ တည်ဆောက်မှုစီမံကိန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် ၂၀၀၈ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိခဲ့သော စွမ်းအင်ဝန်ကြီးဌာနကိုယ်စားပြုဂေါက်သီးရိုက် အားကစားသမားများအား ဝန်ကြီးက တစ်ဦးချင်း ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာအင်ဂျင်နီယာများအတွက် ဆည်မြောင်းတည်ဆောက်ရေးနှင့်ပတ်သက်၍ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃

မြန်မာအင်ဂျင်နီယာများအတွက် ဆည်မြောင်းတည်ဆောက်ရေးနှင့် ပတ်သက်သည့် ဟောပြောပွဲကို ဒီဇင်ဘာ ၆ ရက် (စနေနေ့) နံနက် ၉ နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့ လှိုင်တက္ကသိုလ် လှိုင်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ဟောပြောပို့ချမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် (1) Change of Fill Type Dams (2) Selection of Dam Type (3) Rock Fill Dam (4) Concrete Facing Rock Fill Dam စသည့် ခေါင်းစဉ်များဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ အတိုင်ပင်ခံအင်ဂျင်နီယာ Mr. Kochi Inoue က ဟောပြောပို့ချမည်ဖြစ်ရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း- ၅၁၉၆၇၃-၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

✡ တရုတ်မှ

အေအာရ်ဂျေ-၂၁ အမျိုးအစား ခရီးသည်တင်လေယာဉ်သည် ဂျက်လေယာဉ်ဖြစ်ပြီး ခရီးသည် ၇၀ မှ ၁၁၀ အထိ တင်ဆောင်နိုင်ကာ ခရီးတာ ကီလိုမီတာ ၃၆၈၀ အထိ ပျံသန်းနိုင်သည်။

ယင်းလေယာဉ်သည် လေကြောင်းခရီးသွားလုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်သည် ဆိုသော သက်သေခံလက်မှတ်ကို ၂၀၀၉ ခုနှစ် ပထမနှစ်ဝက်တွင် ရရှိနိုင်ပြီး လာမည့်နှစ် နှောင်းပိုင်း၌ လေကြောင်းဌာနများသို့ ယင်းလေယာဉ်ကို ရောင်းချပေးနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရှန်ဟိုင်းအခြေစိုက် ခရီးသည်တင်လေယာဉ် ထုတ်လုပ်ရေးကုမ္ပဏီသည် ကနေဒါနှင့် ဘရာဇီးနိုင်ငံတို့ရှိ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများနှင့်အပြိုင် အေအာရ်ဂျေ-၂၁ လေယာဉ်ကို ထုတ်လုပ်သွားရန် ရည်မှန်းထားသည်။ ***အင်တာနက်။***

## ကျောက်ဖြူဥပစာကောလိပ် ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

ကျောက်ဖြူဥပစာကောလိပ် ကျောင်းသား၊ ကျောင်းသူများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ရန်ကုန်မြို့ ကန်တော်မင်ဥယျာဉ်အတွင်းရှိ ရွှေဘဲစားသောက်ဆိုင်(ယခင်ရှမ်းကန်စားသောက်ဆိုင်)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအတွက် နေရာထိုင်ခင်းစီစဉ်ရာတွင် အဆင်ပြေစေရန် ကျောင်းသား၊ ကျောင်းသူများသည် ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၃ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေး လှူဒါန်းကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးကျော်မွေး ဖုန်း-၅၀၃၀၃၂၊ ဦးလှအောင် ဖုန်း-၅၂၆၈၈၆၊ ဦးမောင်သိန်းဦး ဖုန်း-၅၈၄၉၂၆၊ ဗိုလ်မှူးကျော်ဝင်း(ငြိမ်း)ဖုန်း-၂၉၁၂၀၀၊ ဒေါ်ရီရီဝင်း ဖုန်း-၅၆၅၃၁၀ နှင့် ဒေါ်ခင်မေသန်း ဖုန်း-၆၅၁၀၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၁၂-၂၀၀၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | အကပဒေသာ |
| ၇း၅၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၆။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၈း၁၀ | ၇။ | အဆိုပြိုင်ပွဲ |
| ၈း၂၀ | ၈။ | နားဝင်ပီယံသူ့လက်သံ |
| ၈း၃၀ | ၉။ | International News. |
| ၈း၄၅ | ၁၀။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | အတီးပြိုင်ပွဲ |
| ၄း၂၅ | ၃။ | ချစ်စရာ့အရွယ် ကကြိုးသွယ် |
| ၄း၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၅း၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒ၊ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ) |
| ၅း၁၅ | ၆။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးများ |
| ၅း၃၀ | ၇။ | သက်တံရောင်သံစဉ် |
| ၅း၄၅ | ၈။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၆း၀၀ | ၉။ | ညနေခင်းသတင်း |
| ၆း၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၆း၃၅ | ၁၁။ | ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း |
| ၇း၀၀ | ၁၂။ | တေးဂီတအစီအစဉ် |
| ၇း၁၀ | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ကုန်သွယ်မုန်တိုင်း" (အပိုင်း-၃၁)** |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ပင်လယ်ပျော်မင်းသား" (အပိုင်း-၅၁)** |
| | ၁၈။ | အစီအစဉ်ပြီး၏။ |





ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရတနာပုံမြို့သစ် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (ဆက်သွယ်ရေး)

## ရတနာပုံမြို့သစ် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃

**မန္တလေးတိုင်း ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၃၀ ရက်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ် ရတနာပုံတယ်လီပို့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ ရတနာပုံမြို့သစ်ရှိ Soft Base Factory Area ၌ လာရောက်ရင်းနှီးမြှုပ်နှံကြမည့် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီ ၃၅ ခုတို့အတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားနှင့် ဆက်သွယ်ရေးနည်းပညာ ဝန်ဆောင်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်သွားကြရန် မှာကြားသည်။**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနအကြီးအကဲများက ရတနာပုံမြို့သစ် စီမံကိန်း မြို့ပြဧရိယာအတွက် လမ်းဖောက်လုပ်ပြီးစီးမှု၊ လျှပ်စစ်မီးသွယ်တန်းမှုနှင့် ရေရရှိရေးဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းရှင်များက သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် Incubation Center များ၊ ရတနာပုံမြို့သစ်တည်ဆောက်နေမှု၊ ကုမ္ပဏီများက မြေနေရာများ ရှင်းလင်းထားရှိမှုနှင့် ဆောက်လုပ်နေသည့် အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ဝန်ကြီးသည် ဒီဇင်ဘာ ၁ ရက်တွင် မန္တလေးတိုင်း ဝမ်းတွင်းမြို့ အော်တိုအိတ်ချိန်းသို့ရောက်ရှိပြီး အော်တိုအိတ်ချိန်းစခန်း၊ မိုက္ကရိုဝေ့ဖ်စခန်းနှင့် G.S.M စနစ်စက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပို့ဆောင်ရေးဝန်ကြီးဌာန ပညာရည်ထူးချွန်ဆု၊ အားကစားထူးချွန်ဆု ချီးမြှင့်ပွဲနှင့် ၂၀၀၈-၂၀၀၉ ခု ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

ပို့ဆောင်ရေးဝန်ကြီးဌာန ပညာရည်ထူးချွန်ဆု၊ အားကစားထူးချွန်ဆု ချီးမြှင့်ပွဲနှင့် ၂၀၀၈-၂၀၀၉ ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကား ပြောကြားသည်။

ယင်းနောက် ၂၀၀၇-၂၀၀၈ ခု တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရ တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရ ၁၁ ဦးနှင့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား လည်းကောင်း၊ ပညာသင်စရိတ်ထောက်ပံ့ငွေများကို လည်းကောင်း၊ ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၀၈ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ရိုးရာလှေလှော်ပြိုင်ပွဲနှင့် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပသည့် လှေလှော်ပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ်လေးခု ရရှိခဲ့ကြသည့် အားကစားသမားများကိုယ်စား အားကစားသမား မောင်ဖုန်းမြင့်တေဇာနှင့် မောင်ရန်ပိုင်တို့အား လည်းကောင်း၊ ၂၀၀၈ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် တတိယဆုရ အားကစားသမားများကိုယ်စား နည်းပြချုပ် ဦးမြလွင်နှင့် အားကစားသမား ဦးဝင်းထွဋ်ဦးတို့အားလည်းကောင်း၊ သတ္တမအကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် အားကစားသမားများကိုယ်စား ဒေါ်အေးနန္ဒာလှိုင်နှင့် ဒေါ်မိုးမိုးဝါတို့အားလည်းကောင်း၊ ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ၂၀၀၈ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲတွင် ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆုများရရှိခဲ့သော အားကစားသမားများအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပို့ဆောင်ရေးဝန်ကြီးဌာန ပညာရည်ထူးချွန်ဆု၊ အားကစားထူးချွန်ဆု ချီးမြှင့်ပွဲနှင့် ၂၀၀၈-၂၀၀၉ ခု ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲတွင် ၂၀၀၇-၂၀၀၈ ခု တက္ကသိုလ်ဝင်စာမေးပွဲ ၌ ဂုဏ်ထူးရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**မြောက်ဥက္ကလာပ မြို့နယ် (ဃ)ရပ်ကွက် ဝေပုလ္လ(၁)လမ်းနှင့် မေဓာဝီဈေးလမ်း ဆက်သွယ်သည့် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းကို လမ်းဖြစ်မြောက်ရေး ကော်မတီများ ဦးဆောင်၍ လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။** (ကြေးမုံ)

## စက်မှုလက်မှုသိပ္ပံ ဂျီတီအိုင် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

ဂျီတီအိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများစုပေါင်း၍ ဂျီတီအိုင်ကျောင်းများမှ အငြိမ်းစားယူသွားကြသော အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများအား (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၇ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီးရှိ ရွှေကျင်နိကာယသာသနာ့လက်ာရ မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည် ဖြစ်သည်။

**လှူဒါန်းနိုင်**

အာစရိယပူဇော်ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးရန်ဝင်း(အင်းစိန် G.T.I)ဖုန်း-၂၄၁၉၁၅၊ ဦးကြည်လင်း (အင်းစိန် G.T.I) ဖုန်း-၂၅၂၅၈၅၊ ဦးဇော်ဝင်း(ကလော G.T.I)ဖုန်း-၅၅၈၂၉၄၊ ဦးတင်အေး (ပြည် G.T.I)ဖုန်း-၀၉ ၅၀၀၃၇၈၂၊ ဦးကျော်ကျော်စိုး (မန္တလေးG.T.I) ဖုန်း-၅၀၅၉၆၉၊ ဦးမောင်မောင်အုန်းမြင့်(ချောက် G.T.I) ဖုန်း-၀၉ ၅၀၁ ၅၆၇၈ နှင့် ဦးခင်အေး (ရုံးအဖွဲ့မှူး) ဖုန်း-၅၁၉၈၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

ပြည်သူ့ကျန်းမာရေး (Public Health)ဆိုင်ရာ ဒီပလိုမာနှင့် ဘွဲ့လွန်သင်တန်းများတွင် ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၆ရက် (စနေနေ့) နံနက် ၉ ခွဲနာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ပန်းခြံဝင်းအတွင်းရှိ Western Park Royal Restaurant ၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာသမားများအား ကိုယ်တိုင်ကိုယ်ကျ ပူဇော်ကန်တော့လိုသူများ ကြွရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)



**ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ၊ အရိပ်ရပင်များ ပြုစုပျိုးထောင်ထားရှိမှု အခြေအနေအား နိုဝင်ဘာ ၁၉ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းမော် ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## ရွှေနိုင်ငံ သတင်းဂျာနယ် အတွဲ(၇)၊ အမှတ်(၁၄) ထွက်ပြီ

**ရန်ကုန် ဒီဇင်ဘာ ၃**

အဆိုပါဂျာနယ်တွင် ယနေ့ကမ္ဘာတွင် အိုင်တီတော်လှန်ရေးမှသည် အီးတီတော်လှန်ရေးသို့ အမှန်တကယ်ပြောင်းနေပြီလား၊ မြန်မာနိုင်ငံရော အခြေအနေဘယ်လိုလဲ၊ တရုတ်မှ ပထမအသုတ်ရောက်ရှိလာသော မီးရထားစက်ခေါင်းရှစ်ခေါင်း လွှဲပြောင်းပေးအပ်၊ နိုင်ငံရေးအပြောင်းအလဲသစ် တောင့်တမျှော်လင့်ရာတွင် ပြည်သူ၊ နိုင်ငံတော်သစ်၊ ဒီမိုကရေစီနှင့်စတုတ္ထမဏ္ဍိုင်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး အတတ်ပညာနှင့် နည်းပညာတိုးတက်ရန် ပညာရေးကဏ္ဍမှ တစ်ဆင့် ဖန်တီးပေးနိုင်ရမည် စသည့်ဆောင်းပါးများ ပါဝင်သည်။

ထို့အပြင် စတုတ္ထအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်လေးနိုင်ငံ(စီအယ်လ်အမ်ဗွီ)ထိပ်သီး အစည်းအဝေး ပူးပေါင်းဆောင်ရွက်မှု၊ တတိယအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ဆူဇူကီးဝက်ဂွန်နှင့် ကုန်တင်ယာဉ် ၁၂၀၀ ထုတ်မည်၊ ရဲရွာရေအားလျှပ်စစ်စီမံကိန်း ၆၇ ရာခိုင်နှုန်းပြီးစီး၊ ကျိုင်းတောင်းရေအားလျှပ်စစ်မှ လျှပ်စစ်ဓာတ်အားပေးပြီ၊ နေပြည်တော်-ပျဉ်းမနားခရိုင်ရှိ ၁၀ ရွာတွင် ကျေးရွာဘက်စုံသုံးဇီဝဓာတ်ငွေ့ကန်များ တည်ဆောက်ပေးသွားမည်၊ ပြည်ပသို့ ဆန်တန်ချိန်ခြောက်သောင်း တင်ပို့ရန် စတင်ခွင့်ပြု၊ အော်ဂဲနစ်ငါး ရာခိုင်နှုန်း၃၀ ဈေးပိုရ၊ ခြံစည်းရိုးကြက်ဆူဆီ ပြည်တွင်းသုံးအပြင် ပြည်ပပို့ကုန်အဖြစ် FMI ကတိုးချဲ့မည်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယပူးပေါင်းကာ ငါးသလောက်မျိုးမသုဉ်းရေးဆောင်ရွက်မည်စသည့် ပြည်တွင်း၊ ပြည်ပသတင်းများနှင့် ဓာတ်ပုံများ ဖော်ပြပါရှိသည်။

အဆိုပါဂျာနယ်ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ပြီး စာမူပေးပို့ရန်နှင့် ဆက်သွယ်ရန်လိပ်စာမှာ ရွှေနိုင်ငံသတင်းဂျာနယ် အမှတ်(၂၂၈) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)




**၂၀၀၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၈ ရက် က ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ ဆရာအောင်ကြီးက ပထမဆုရ ကျောင်းသူတစ်ဦးကို ဆုချီးမြှင့်စဉ်။** (၃၅)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

❑ **ကျောဖုံးမှ**

အထက်ပိုင်းခရီး၏အစမှာ ဟုမ္မလင်းဖြစ်သည်။

မုံရွာမှ တစ်ညအိပ် နှစ်ရက်ခရီး အမြန်ရေယာဉ်ဖြင့် ချင်းတွင်းကို ဆန်ခဲ့ရသော်လည်း ဟုမ္မလင်းမှ အပြန် ထိုနည်းလည်းကောင်း ဟု မှတ်ယူထားရာ ဤသို့ဖြစ်မလာခဲ့ဘဲ ဟုမ္မလင်းမှ မုံရွာသို့ ဝေဟင်ခရီးမှ လေယာဉ်စီးခွင့် ကြုံခဲ့ရသည်။

နိုဝင်ဘာ ၂၅ ရက် (အင်္ဂါနေ့) နံနက် စောစောတွင် ကြေးမုံသတင်းအဖွဲ့ ဟုမ္မလင်းလေဆိပ်သို့ ကွင်းဆင်းခဲ့ကြသည်။ ဟုမ္မလင်းမြို့၏ အနောက်ဘက်နှစ်မိုင်ခန့်အကွာတွင် ရှိသော အနီးလေယာဉ်ကွင်းမှ ဖော်ကာ F-28 ဂျက်လေယာဉ်ဖြင့် မုံရွာမြို့သို့ ပျံသန်းချိန် နာရီဝက်ခန့် ကြာမည်ဟု ကြိုတင်သိရှိ ထားခဲ့သည်။

လေယာဉ်ကွင်းနှင့် နီးကပ်လာသည်နှင့်အမျှ လေကြောင်းထိန်းမျှော်စင်နှင့် လေဆိပ်အဆောက်အအုံတို့ကို ထင်ရှားစွာ မြင်တွေ့လာရသည်။



**မုံရွာမှ ဟုမ္မလင်းသို့ အမြန်ရေယာဉ်ဖြင့် လာရောက်ရာတွင် လမ်းတွင် တစ်ညအိပ်ခဲ့ရ၊ အပြန်ခရီးမှာ လေယာဉ်ဖြင့် ဖြစ်၍ အချိန်ကုန် သက်သာမည်ဖြစ်။**

*(ဒေါ်နန်းလှမေ - မိုးပြဲကျေးရွာ)*

ကြေးမုံသတင်းအဖွဲ့အား လေဆိပ်အဆောက်အအုံ အတွင်း၌ပင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ ဦးဥက္ကာစံက "ဟုမ္မလင်းလေယာဉ်ကွင်းကို ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှ အဆင့်မြှင့်တင်ဆောက်လုပ်ခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ် ဩဂုတ်လ၃ရက်တွင် ကွင်းဖွင့်လှစ်နိုင်ခဲ့ပြီး မြန်မာ့လေကြောင်းမှ မန္တလေး - ဟုမ္မလင်း - ခန္တီးနှင့် ခန္တီး- ဟုမ္မလင်း - မန္တလေး ခရီးစဉ်များ စတင်ပျံသန်း ပြေးဆွဲခဲ့ကြောင်း၊ ယခုအခါတွင် ရန်ကုန်-မန္တလေး-မုံရွာ- ဟုမ္မလင်းနှင့် ဟုမ္မလင်း - မုံရွာ - မန္တလေး - ရန်ကုန် ခရီးစဉ်များကို ဖော်ကာ F - 28 ဂျက်လေယာဉ်ဖြင့် ပျံသန်းပေးလျက်ရှိကြောင်း၊ လေယာဉ်ပြေးလမ်း ပေ ၁၂၀၀၀၊ အနံပေ ၂၀၀ ရှိပြီး ကွန်ကရစ် အမျိုးအစားဖြစ်ကြောင်း၊ ပြေးလမ်းခံနိုင်ရည်အားမှာ ပေါင် ၈၇၃၀၀၀ ရှိပြီး ဘိုးရင်း ၇၄၇ - ၄၀၀ ဂျက်လေယာဉ်ကြီးများ ဆင်းသက်ပျံသန်းနိုင်ပြီ ဖြစ်ကြောင်း" ရှင်းလင်းပြောကြားသည်။

ဦးဥက္ကာစံ၏ ရှင်းလင်းပြောကြားမှု အဆုံးတွင် ကြိုတင်ဖတ်မှတ်သိရှိခဲ့သော ၁၉၈၈ ခုနှစ် မတိုင်မီက



**မန္တလေးမြို့သို့ ဆေးကုသွားမည်ဖြစ်ကြောင်း၊ လိုအပ်ချက်အရ လေယာဉ်စီးရခြင်းဖြစ်။**

*(ဒေါ်ကြန် - နောင်ပကျစ်ရပ်ကွက်၊ ဟုမ္မလင်းမြို့)*

ဟုမ္မလင်းလေဆိပ်ဆိုင်ရာ အချက်အလက်အချို့ကို အမှတ်ရလာမိသည်။ ၁၉၇၆ ခုနှစ်ခန့်က တည်ဆောက်ခဲ့သော ပြေးလမ်းအရှည် ပေ ၂၉၀၀ ရှိ ကျောက်စရစ်ရောမြေနီ လေယာဉ်ကွင်းငယ်ကလေး၌ တွင်အော်တာ လေယာဉ်များသာ ဆင်းသက်ပျံသန်းခဲ့ဖူးသော ဟုမ္မလင်းလေယာဉ်ကွင်း။

ယနေ့သော် မြင်ကွင်းကပြောင်းလဲခဲ့ပြီဖြစ်သည်။ စစ်ကိုင်းတိုင်း၏ ပထဝီအနေအထားအရ ဟုမ္မလင်းလေဆိပ်သည် အထက်ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ မြို့များ၊ နာဂဒေသနှင့် ချင်းတွင်းမြစ်ဖျားဒေသ၊ ဟုမ္မလင်း၊ ခန္တီး၊ လဟယ်၊ လေရှီးမြို့



**ဟုမ္မလင်းလေဆိပ်မှ ယခုအခါ မုံရွာ - မန္တလေး - ရန်ကုန်နှင့် ရန်ကုန် - မန္တလေး - မုံရွာ - ဟုမ္မလင်းခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိ။**

*(ဦးဥက္ကာစံ၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန)*

များသို့ လွယ်ကူစွာ သွားလာပို့ဆောင်နိုင်မည်ဖြစ်သဖြင့် စစ်ကိုင်းတိုင်း၏ အရေးပါသော လေဆိပ်တစ်ခုဖြစ်လာခဲ့ပြီဖြစ်သည်။

ယခင်က မုံရွာမြို့မှ ဟုမ္မလင်းမြို့သို့ ရေလမ်းဖြင့် နှစ်ညအိပ် သုံးရက်နှင့် ကုန်းလမ်းခရီးဖြင့် ရေဦး- သက္ကယ်ကျင်း - ဖောင်းပြင် လမ်းမှ ခက်ခက်ခဲခဲသွားလာခဲ့ကြရာမှ ယခုအခါ မုံရွာမြို့သို့ မိနစ်သုံးဆယ်၊ မန္တလေးမြို့သို့ တစ်နာရီကျော်မျှ လေယာဉ်ခရီးဖြင့် သွားလာနိုင်ခဲ့ပြီဖြစ်သည်။

လေဆိပ်အဆောက်အအုံအတွင်းသို့ ခရီးသွားများ တဖွဲဖွဲနှင့် ရောက်လာပြီဖြစ်သည်။ ကြေးမုံသတင်းအဖွဲ့က ခရီးသည်များထဲမှ အချို့နှင့် တွေ့ဆုံစကားပြောဖြစ်ခဲ့သည်။

ပထမဦးစွာ တွေ့ဆုံရသူမှာ ဒေါ်နန်းလှမေဖြစ်သည်။ ဒေါ်နန်းလှမေက "မိမိသည် ဟုမ္မလင်းသို့ တစ်ခါမျှမရောက်ဖူးကြောင်း၊ ဤမြို့တွင် တာဝန်ကျနေသူ ညီမထံ လာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း၊ ကယားပြည်နယ် မိုးပြဲရွာမှလာခဲ့ခြင်းဖြစ်ကြောင်း၊ မန္တလေးနှင့် မုံရွာမြို့များသို့ ကားဖြင့်လာခဲ့ပြီး မုံရွာရောက်မှ အမြန်ရေယာဉ်ဖြင့် လိုက်ခဲ့ကြောင်း၊ ရေယာဉ်စီးရသည်မှာ အချိန်များစွာကုန်ကြောင်း၊ လမ်းတွင် တစ်ညအိပ်ခဲ့ရကြောင်း၊ လေယာဉ်ကို ပထမဆုံးအကြိမ် စီးဖူးခြင်းဖြစ်ပြီး မန္တလေးသို့ ခဏကလေးနှင့် ရောက်မည်ဟုသိခဲ့ရကြောင်း၊ ယခုအပြန်ခရီးမှာ များစွာ အဆင်ပြေကြောင်း" ပြောကြားသည်။

နောက်တစ်ဦးမှာ ဟုမ္မလင်းမြို့ နောင်ပကျစ်ရပ်ကွက်မှ ကုန်သည် ဦးကျော်မြင့်ဖြစ်သည်။ ဦးကျော်မြင့်က "ကျွန်တော်က မုံရွာထိသွားမှာပါ။ ဒီတစ်ခေါက်နဲ့ဆို လေယာဉ်နဲ့ သွားဖြစ်တာ ၁၅ခေါက်လောက်ရှိပါပြီ။ အချိန်ကုန် သက်သာပါတယ်။ ဒီဒေသမှာ အမြန်ဆုံးလို့ဆိုတဲ့ အမြန်ရေယာဉ်နဲ့ မုံရွာသွားရင် လမ်းမှာ တစ်ညအိပ်ရပါတယ်။ လေယာဉ်ကတော့နာရီဝက်ခရီးပါပဲ။ ဟုမ္မလင်းမှာအခြေချနေတာ ၁၈ နှစ်ရှိပြီ။ ၂၀၀၃ ခုနှစ် လေယာဉ်ကွင်းစဖွင့်ကတည်းက စသုံးခဲ့တာပါ။ ဝမ်းသာပါတယ်။ ဒီလို လေယာဉ်ကွင်းပြုပြင်ပျံသန်းလာတဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးအထူးတင်ပါတယ်"ဟုဆိုသည်။

**၂၀၀၃ ခုနှစ် လေဆိပ်ဖွင့်ကတည်းက လေယာဉ်စီးဖြစ်ခဲ့၊ ယခုအကြိမ်နှင့်ဆိုပါက (၁၅) ကြိမ်ခန့် ရှိပြီဖြစ်။**

*(ဦးကျော်မြင့်၊ ကုန်သည်၊ ဟုမ္မလင်းမြို့)*



ကြေးမုံသတင်းအဖွဲ့ နောက်ဆုံးတွေ့ဆုံခဲ့သူများမှာ မိသားတစ်စုဖြစ်သည်။ ဒေါ်ကြန်၊ ဒေါ်သင်းသင်းအောင်နှင့် မမြင့်မြင့်စိန်တို့ဖြစ်သည်။ ဒေါ်ကြန်မှာ အသက် (၆၄) နှစ်ရှိပြီး ဟုမ္မလင်းမြို့ နောင်ပကျစ်ရပ်ကွက်မှဖြစ်ကြောင်း၊ ယခုမန္တလေးသို့ သွားရောက် ဆေးကုသရန်လိုအပ်ချက်အရ လေယာဉ်စီးရကြောင်း၊ ရေယာဉ်ဖြင့်သွားပါက အချိန်များစွာပေးရကြောင်း၊ ယခုဆိုလျှင် မန္တလေးရောက်သည်နှင့် ဆေးရုံသို့ တိုက်ရိုက်ဆက်သွားကာ ကုသမှုခံယူနိုင်ပြီဖြစ်ကြောင်း ဒေါ်သင်းသင်းအောင်က ပြောကြားသည်။



**စစ်ကိုင်းတိုင်း၏ အချက်အချာကျသော ဟုမ္မလင်းလေဆိပ်တွင် ဖော်ကာ F-28 လေယာဉ်တစ်စင်း ခရီးသည် အတင်အချ ပြုလုပ်နေစဉ်။**

ဟုမ္မလင်းမြို့သည် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ဒေသတစ်ခုဖြစ်ပြီး နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးနှင့် လမ်းပန်းဆက်သွယ်မှု လွယ်ကူ ချောမွေ့စေရေးတို့အတွက် နိုင်ငံတော်မှ လေယာဉ်ကွင်းသစ်တိုးချဲ့ တည်ဆောက်ပေးနိုင်မှုကြောင့် တိုင်းအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ပြီး ကူးသန်းရောင်းဝယ်ရေး တိုးတက်ဖြစ်ထွန်းမှု၊ လူမှုရေးဆိုင်ရာဖွံ့ဖြိုးမှု အကျိုးရလဒ်ကောင်းများ ရရှိစေမည်ဖြစ်သည့်အပြင် စစ်ကိုင်းတိုင်း၏ မြင့်မားတိုးတက်နေသော စီးပွားရေး၊ လူမှုရေးအခြေအနေများကို အရှိန်အဟုန် ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်ပေသည်။ ။

## ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲ ဆုပေးပွဲနှင့် ပြခန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မာရီစတုပ်(စ်) အင်တာနေရှင်နယ် (မြန်မာ) သင်္ဃန်းကျွန်းစင်တာတို့ ပူးပေါင်းကျင်းပသော ၂၀၀၈ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် HIV / AIDS ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲ ဆုပေးပွဲနှင့် ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက သင်္ဃန်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ဖြူဖြူစိုးနှင့် မာရီစတုပ်(စ်) အင်တာနေရှင်နယ် (မြန်မာ)မှ Development and Training Manager Dr.ဦးစောဝင်းမောင်တို့က ရောဂါကာကွယ်တိုက်ဖျက်ရေး သိကောင်းစရာများ ပြောကြားကြသည်။ ဆက်လက်၍ ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကဆုများချီးမြှင့်ကြပြီး ပြခန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ဖြူဖြူစိုး၊ မာရီစတုပ်(စ်) အင်တာနေရှင်နယ် (မြန်မာ)မှ ဒေါက်တာ ဦးဖုန်းဆိုင်နှင့် Development and Training Manager Dr.ဦးစောဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)** ယင်းနောက် ပြခန်းများအား မြို့နယ်မှ တာဝန်ရှိသူများ၊ အထက်တန်း၊ အလယ်တန်းကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။

(၅၀၆)



မြို့ရွာတစ်ခွင်
သာစေချင်
မီးတွင်မပေါ့နှင့်

## အထူးအယူခံခုံရုံး ပြစ်မှုနှင့် တရားမ အထူးအယူခံမှုများ ကြားနာ

**နေပြည်တော် ဒီဇင်ဘာ ၃**

တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးစန်းတင့်ရီနှင့် ဦးကျော်ဝင်းတို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(နေပြည်တော်)တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ ၇ အရ တင်သွင်းသည့် တရားမအထူးအယူခံမှုခုနစ်မှုနှင့် ပုဒ်မ ၈ အရ တင်သွင်းသည့် တရားမအထူးအယူခံမှုတစ်မှု စုစုပေါင်းရှစ်မှုကို ကြားနာသည်။ ဒီဇင်ဘာ ၃ ရက်တွင် ပြစ်မှုဆိုင်ရာအထူးအယူခံမှု ၁၄ မှုကို စီရင်ချက်ချမှတ်ပြီး ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာအထူးအယူခံမှုသုံးမှုနှင့် ပုဒ်မ ၈ အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှုတစ်မှု စုစုပေါင်းလေးမှုကို ကြားနာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

၂၀၀၈ ခုနှစ် (၄၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့်ဇုန်များ၌ ယနေ့တွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု (ရတခဇုန်) မော်လမြိုင်၌ နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းတို့သည် တစ်ဂိုးစီသရေဖြင့်လည်းကောင်း၊ (ခ)အုပ်စု(နတခဇုန်)ပုသိမ်၌ တပ်မတော်(လေ)အသင်းက အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု (နမခဇုန်)မုံရွာ၌ အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းက အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု(လပခဇုန်)မန္တလေး၌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် အသင်းက အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (ဂ)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (င)အုပ်စု (တပခဇုန်) တောင်ငူ၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို ၁၅ ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းတို့သည် ဂိုးမရှိသရေဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနား ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၃

**၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို "ဂုဏ်သိက္ခာနှင့် တရားမျှတမှု လူတိုင်းအတွက် ဒို့ရှေးရှု" ဆောင်ပုဒ်နှင့်အညီ ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက် အမှာစကား ပြောကြားသည်။**

အဆိုပါအခမ်းအနားသို့ ရှေ့နေချုပ် ဦးအေးမောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆုရဂုဏ်ပြုခံ မသန်စွမ်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားရာ၌ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ အနေဖြင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ မသန်စွမ်းသူများ၏ဂုဏ်သိက္ခာနှင့် စိတ်ဓာတ်မြင့်မားလာစေရန်၊ သန်စွမ်းသူများနည်းတူ တန်းတူရည်တူ အခွင့်အရေးများ ရရှိစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ရောက်တိုင်း ယခုကဲ့သို့ အခမ်းအနားမျိုးကို အစဉ်အလာမပျက် ဂုဏ်ပြုကျင်းပပေးခဲ့သည်မှာ ယခုဆိုလျှင် (၁၅)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း။

ကုလသမဂ္ဂအဖွဲ့ကြီးက ယခုနှစ်အတွက် ချမှတ်ပေးသည့် ဦးတည်ချက်မှာ Convention on the Rights of persons with Disabilities Dignity and justice for all of us "ဂုဏ်သိက္ခာနှင့် တရားမျှတမှု၊ လူတိုင်းအတွက် ဒို့ရှေးရှု" ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့လူဦးရေ သန်း ၆၆၀၀ ကျော် အနက် ၁၀ ရာခိုင်နှုန်းမျှသည် မသန်စွမ်းသူများဖြစ်ကြပြီး ယင်းအနက် မသန်စွမ်းသူ သန်း ၄၀၀ ခန့်သည် အာရှ ပစိဖိတ်ဒေသ၌ နေကြသူများဖြစ်ကြောင်း၊ သုတေသီများ၏ တွေ့ရှိ တင်ပြချက်များအရ မသန်စွမ်းမှုသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်သက်ဆိုင်နေကြောင်း၊ မသန်စွမ်းမှုနှင့် ဆင်းရဲမွဲတေမှုသည် ဆက်စပ်နေသကဲ့သို့ မသန်စွမ်းမှုသည် လူမှုရေးနယ်ပယ်အတွင်းရှိ တရားမျှတမှုနှင့်လည်း သက်ဆိုင်နေကြောင်း၊ ယခင်ကကဲ့သို့ မသန်စွမ်းမှု(သို့) မသန်စွမ်းဖြစ်ခြင်းနှင့် ပတ်သက်သည့် အရေးကိစ္စသည် လူမှုရေးလုပ်ငန်း၊ ပရဟိတ လုပ်ငန်းများနှင့်သာ သက်ဆိုင်သည့် ကိစ္စမဟုတ်တော့ဘဲ လူ့အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် လူမှုဖွံ့ဖြိုးရေး ကိစ္စတစ်ရပ်ဖြစ်လာပြီဖြစ်ကြောင်း။

နိုင်ငံတကာ မသန်စွမ်းမှု သတ်မှတ်ချက်များဖြစ်သည့် အမြင်အာရုံ ချို့ယွင်းသူ (Visually Impaired)၊ အကြားအာရုံချို့ယွင်းသူ (Hearing Impaired)၊ ကိုယ်လက်အင်္ဂါချို့ယွင်းသူ (Physically disabled)၊ ဉာဏ်ရည်မမီသူ (Mentally Retarded)များကို ပြန်လည်ထူထောင်ပေးရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနက မသန်စွမ်းသက်ကြီး သင်တန်းကျောင်း တစ်ကျောင်း၊ မသန်စွမ်းသက်ငယ် သင်တန်းကျောင်း တစ်ကျောင်း၊ မျက်မမြင် သင်တန်းကျောင်း နှစ်ကျောင်း၊ နားမကြားသော ကလေးများ ကျောင်းတစ်ကျောင်းကို ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့၌ ဖွင့်လှစ်ပေးထားကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍




## ထူးချွန်ဆုချီးမြှင့်

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှ ထူးချွန်ဆုရ မသန်စွမ်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)




သတင်းဆောင်းပါး-ဇော်ဝင်း(ကြေးမုံ)၊ မှတ်တမ်းဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

**နိုဝင်ဘာ တတိယပတ်အတွင်း ဝင်ရောက်လာခဲ့ပြီမို့ ချင်းတွင်းအထက်ပိုင်း၏ ဆောင်းက ပီပြင်လာခဲ့ပြီဖြစ်သည်။ နံနက်စနာရီထိုးလုပြီဖြစ်သော်လည်း မြင်ကွင်းက မသဲကွဲသေး။ ဆီးနှင်းတို့ဝေဆဲပင်။ မြစ်ပြင်ကို ဖြတ်၍တိုက်ခတ်လာသော လေပြည်နှင့်အတူ အေးစက်သော အထွေးအပွေ့ကိုပါ ခံစားလိုက်ရသည်။**

ကြေးမုံသတင်းအဖွဲ့၏ ချင်းတွင်း အစုန်ခရီးအစ ခန္တီးမှဟုမ္မလင်းသို့ မြစ်ကြောင်းအတိုင်း တစ်နေ့တာ ခရီးနှင်ကြရဦးမည်။

ခန္တီးနှင့်ဟုမ္မလင်း ရေမိုင်အကွာအဝေးက ၁၂၇ မိုင် ဖြစ်သည်။

မြစ်ပြင်ကျယ်သော်လည်း အမြန်ရေယာဉ်အတွက် ရေလမ်းရှာရခက်သည့် ချင်းတွင်းမြစ်ကား အစုန်ခရီးကိုပင် အတန်ငယ် ဖင့်နွှေးစေခဲ့သည်။ ဘယ်သောင်တင်၍ ဘယ်ကမ်းဆိုက်မည်ကို အကြိမ်များစွာ စိုးတထိတ်ထိတ်ဖြတ်ကျော်ပြီး ညဉ့် ၈ နာရီကျော်မှ ဟုမ္မလင်းသို့ အောင်မြင်စွာရောက်ရှိခဲ့ကြသည်။

စစ်ကိုင်းတိုင်းအတွင်း ဖြစ်ထွန်းအောင်မြင်မှုများကို သတင်းမှတ်တမ်းယူရန် မုံရွာမြို့မှခရီးဆန့်ခဲ့သော ချင်းတွင်း **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❑

## ဟုမ္မလင်းလေဆိပ်

**ဟုမ္မလင်းလေဆိပ် ခရီးသည် အဆောက်အအုံမှ ခရီးသွားများလေယာဉ်ပေါ်သို့ တက်ရောက်နေမှုမြင်ကွင်းကို ဤသို့တွေ့ရ စဉ်။**

ကြေးမုံ The Mirror အင် တာ နက် စက် မှု သိ ပ္ပံ သ တင်း

## တရုတ်နိုင်ငံတွင် အကြီးစားခရီးသည်တင်လေယာဉ်သစ် စမ်းသပ်မောင်းနှင်မှုအောင်မြင်

**ပေကျင်း ဒီဇင်ဘာ ၃**

တရုတ်နိုင်ငံ၏ ပထမဆုံးသော အကြီးမားဆုံးခရီးသည်တင်လေယာဉ် အေအာရ်ဂျေ - ၂၁ အမျိုးအစား **(ယာပုံ)**ကို စမ်းသပ်ပျံသန်းရာတွင် အောင်မြင်မှုရရှိကြောင်း၊ တရုတ်နိုင်ငံ၏ မြို့ပြလေကြောင်း အစီအစဉ်အရ သမိုင်းမှတ်တိုင် စိုက်ထူနိုင်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

စမ်းသပ်ပျံသန်းမှုပြုလုပ်နိုင်ရန် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့မြောက်ဘက် ဘောင်ရှန်းဒေသရှိ လေဆိပ်တစ်ခုမှ ထွက်ခွာခဲ့ကြောင်း၊ စမ်းသပ်ပျံသန်းချိန်တွင် ရာသီဥတုကောင်းမွန်လျက်ရှိပြီး ချောချောမွေ့မွေ့ပျံသန်းနိုင်ခဲ့ကြောင်း မြို့ပြလေကြောင်းဆိုင်ရာ စက်မှုလုပ်ငန်းကော်ပိုရေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် လေယာဉ်ကို မီတာ ၉၀၀ အမြင့်ထက်ကျော်လွန်ကာ ပျံသန်းခြင်းမပြုရန် သတ်မှတ်ချက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

ကျီယန်ဖန်း (ပျံသန်းနေသော စာမဏီငှက်) အမည်ပေးထားသော ခရီးသည်တင် လေယာဉ်ကို ရှန်ဟိုင်းလေယာဉ်ထုတ်လုပ်ရေးစက်ရုံတွင် ထုတ်လုပ်ခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ✡

